ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (7-5-2015) (၈၁၉၃)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ မထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင် (၂၀၀၅-၂၀၁၇)နှင့်စပ်လျဉ်း၍ ဆွေးနွေး

စာမျက်နှာ - ၈

အေးသခံပြည်သူများအတွက် အကျိုးပြုလျက်ရှိသော ငလိုက်ချောင်း ရာဘာရေတားတမံ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်ရှိ ငလိုက်ချောင်း ရာဘာရေတားတမံကို တွေ့ရစဉ်။ *(သတင်း စာမျက်နှာ - ၃)* ဓာတ်ပုံ - ကိုမျိုး(ရွှေပေါက်ကံ)

ကြေးမုံစာတည်းရှုထောင့် ၇-၅-၂၀၁၅၊ ကြာသပတေးနေ့

အမျိုးသားယဉ်ကျေးမှုကိုမြှင့်တင်

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်အရှည်တည်တံ့ခိုင်မြဲစေရန်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ထားရန်လိုအပ်ပါသည်။ မျက်မှောက်ကာလကဲ့သို့ ယဉ်ကျေးမှုစီးဝင်မှု လွှမ်းမိုးနေသော အချိန်ကာလတွင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။

မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု မပျောက်ကွယ်ဘဲ အစဉ်အမြဲမြင့်တင်ဖော်ထုတ်ပေးနေပါက မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားမြဲမြံပြီး နိုင်ငံတော်ကြီးလည်း တစည်းတလုံးတည်းဖြင့် ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ ကြီးမားသောနိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် ယဉ်ကျေးမှုကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှုတွင် အနုပညာယဉ်ကျေးမှုမှာ တစ်မူထူးခြားသည်။ လူအများ၏ နှလုံးသားကို သိမ်မွေ့ညင်သာစွာဖြင့် အေးမြမှုကိုဖြစ်စေသည်။ တတ်ကြွလှုပ်ရှားလန်းဆန်းမှုကိုဖြစ်စေသည်။ တော်ဝင်နန်းသုံး၊ မြို့ရွာများပါမကျန် သုံးသည် အနုသုခုမပညာရပ်များမှာ စွဲမက်ဖွယ်ကောင်းသည်။

သို့သော် ခေတ်ကာလရွေ့လျားပြောင်းလဲလာပြီး ကမ္ဘာ့ရွာကြီး ဖြစ်လာသောအခါ အနောက်တိုင်းယဉ်ကျေးမှုများ စီးဝင်မှုမှာမြန်ဆန်လာသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုများ လျော့နည်းပါးလျားလာပြီး အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးလာသည်။ သက်သေအားဖြင့် အနုသုခုမများပါဝင်သော ရိုးရာယဉ်ကျေးမှုသကြိုန်တွင် သရုပ်ပျက်ယဉ်ကျေးမှုများ စိုးမိုးလာသည်။

ယနေ့တက်တိုင် ကျေးလက်တွင် မကွယ်ပျောက်နိုင်ဟု ယုံကြည်ထားသော မြန်မာ့အနုသုခုမနယ်ပယ်တွင် အနောက်တိုင်းယဉ်ကျေးမှုများက နေရာယူလာသည်။ အမှန်တွင် ကျေးလက်ပြည်သူများမှာ သဘင်၊ ဂီတ၊ ပြဇာတ်၊ အငြိမ့်ဆိုလျှင် ခုံမင်မက်မော နှစ်သက်သူများဖြစ်သည်။ ယခုဤအတွေးများ လွင့်ပါးလာခဲ့ပြီ။ ရှေးအစဉ်အဆက်စွဲမက်ခဲ့သော ရုပ်သေး၊ ကွက်စိပ်ဆိုလျှင် ပြတိုက်ထဲတွင် ထားရမလိုပင်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အနုသုခုမ အစဉ်အလာငုပ်လျှိုးသွားမှုများကို ဖော်ထုတ်ကြရမည်။ အစဉ်မြှင့်တင်ထိန်းသိမ်းကြရမည်။ မည်မျှပင် ခေတ်ပေါ်အနုပညာထွန်းကားစေကာမူ မြန်မာ့ရိုးရာအနုသုခုမကို မြတ်နိုးခုံမင်ကြသူများ ရှိကြဆဲဟုဆိုရမည်။ ရွက်ပုန်းသီးသဖွယ် တိမ်မြုပ်နေသော မြန်မာ့အနုသုခုမပညာရှင်များကို ရှာဖွေဖော်ထုတ်မြှင့်တင်ပေးသင့်သည်။

အဆိုပါ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်သည် အစီအစဉ်ကို နိုင်ငံတော်က ကြီးမှူးဆောင်ရွက်ပေးခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၂၁) ကြိမ်မြောက်ပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်သောကြောင့်လည်း ယနေ့ကာလအထိ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရှင်များ မတိမ်ကောဘဲ ဆက်လက်ရှင်သန်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းကျေးဇူးကြောင့်ပင် ထွန်းတောက်နေသည် အနုပညာရှင်ကြယ်ပွင့်လေးများ မြန်မာ့ပရိသတ်အလယ်တွင် ရေပန်းစားနေဆဲပင်ဖြစ်သည်။

၂၀၁၅ ခုနှစ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နေပြည်တော်ပျဉ်းမနားရေဆင်းတက္ကသိုလ်နယ်မြေတွင် (ယနေ့)မေ ၇ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပပြီဖြစ်သည်။ မြန်မာပြည်တစ်ဝန်းမှ မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းထားသော ပညာရှင်များက လာရောက်ဖျော်ဖြေယှဉ်ပြိုင်တင်ဆက်ကြမည် ဖြစ်သည်။ ထိုအနုပညာရှင်များကို မိမိတို့အားပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို မြှင့်တင်ကြရမည်။ ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာများကို ဖော်ထုတ်ခြင်း၊ အားပေးခြင်း၊ မြှင့်တင်ခြင်းသည် ခေတ်နောက်ပြန်သွားခြင်း မဟုတ်ဘဲ မြန်မာတို့၏အစဉ်အလာကို ထိမ်းသိမ်းစောင့်ရှောက်ခြင်းလည်းဖြစ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်စေရန်ဖြစ်သည်ကို မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကိုချစ်သည် နိုင်ငံသူ နိုင်ငံသားတိုင်း သိရှိကြမည်ဖြစ်ပါသည်။ ။

ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၆

ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသရှိ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားရာတွင် ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ခရီးစဉ်ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ငွေဆောင်၊ ချောင်းသာ၊ ငပလီ စသည့်ကမ်းခြေဒေသများလည်း ပါဝင်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည့်အတွက် နယ်မြေရှိ ပြည်သူလူထု၏ အကျိုးစီးပွားလည်း ဖွံ့ဖြိုးလာသည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပြည်သူလူထုပါဝင်သော အဖွဲ့အစည်းများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အများပြည်သူ၏ဆန္ဒဖြင့် စီမံကိန်းလုပ်ငန်းများကို ရေးဆွဲဆောင်ရွက်စေလိုပါကြောင်း၊ ထို့အတွက် ယနေ့ခေါ်ယူညှိနှိုင်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ကမ်းခြေဒေသအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု သုတေသနပြုရန် လိုအပ်သောစုဖွဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော ပုဂ္ဂိုလ်များက မိမိတို့၏လုပ်ငန်းဌာနအလိုက် လုပ်ကိုင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၆

ရန်ကုန်	ရွှေဈေး	၆၈၉၈၀၀	-	၆၉၀၆၀၀
မန္တလေး	ရွှေဈေး	၆၈၉၈၀၀	-	၆၉၀၆၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၆၆၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၉၀၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၈၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၇၅၀	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	၁၀၈၀.၀
(ခ) ဥရောပ	တစ်ယူရို	၁၂၀၇.၃
(ဂ) တရုတ်	တစ်ယွမ်	၁၇၄.၀၂
(ဃ) ထိုင်း	တစ်ဘတ်	၃၂.၄၄၂
(င) မလေးရှား	တစ်ရင်းဂစ်	၃၀၀.၅၀
(စ) အိန္ဒိယ	တစ်ရူပီး	၁၇.၀၃၅
(ဆ) ဂျပန်	တစ်ရာယန်း	၉၀၀.၀၈
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	၉၉.၇၆၄
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	၈၅၇.၄၂
(ည) စင်ကာပူ	တစ်ဒေါ်လာ	၈၁၀.၅၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

မေလ(၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သော International Security & Office Solution with Modern Electronics Expo 2015 ခေတ်သစ်ကမ္ဘာတွင် လုံခြုံစွာနေထိုင်နိုင်ဖို့ လုံခြုံရေးဆိုင်ရာပစ္စည်းမိတ်ဆက်ပြပွဲကြီးနှင့် ရုံးသုံး၊ လုပ်ငန်းသုံး အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲကြီးကို FISCA Security & Communication Co., Ltd (FISCA Enterprises) မှ Main Sponsor ပြုလုပ်၍ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရန် ပူးပေါင်းပံ့ပိုးသည်အတွက် အထူးဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါသည်။

Myanmar Promotional Services (MPS) Company Limited

ပြည်တွင်းရေးရာ

နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆွေးနွေး

နေပြည်တော် မေ ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒေသခံပြည်သူများအတွက် အကျိုးပြုလျက်ရှိသော ငလိုက်ချောင်း ရာဘာရေတားတမံ

ပျဉ်းမနား မေ ၆

မြို့တော်အင်္ဂါရပ်နှင့်အညီ ဒေသခံပြည်သူများအတွက် တည်ဆောက်ပေးခဲ့သော ငလိုက်ချောင်း ရာဘာရေတားတမံကြီးသည် ဒေသခံပြည်သူများအား အကျိုးပြု၍ မြို့တော်လှပမှုကိုအထောက်အကူပြုခဲ့ပါပြီ။

ဒေသခံပြည်သူများ ရေပိုမိုလုံလောက်စွာသုံးစွဲနိုင်စေရေး၊ ချောင်းတစ်လျှောက် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုနိုင်ရေး၊ မြေအောက်ရေအနေအထားကို ထိန်းသိမ်းပေးသဖြင့် ချောင်းအနီးမြို့ပေါ်ရပ်ကွက်များရှိ ရေတွင်း၊ ရေကန်များ ခန်းခြောက်မှု အခြေအနေကာကွယ်တားဆီးပေးနိုင်ရေးကို ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချိုရပ်ကွက်(၉)လမ်းတတားအနီး၌ ၂၀၁၄ ခုနှစ် ဧပြီလတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် အလျား ၅၅ ပေ၊ အမြင့် ၁၁ ပေရှိ ရာဘာရေတားတမံနှင့်ရေပေးဝေရေး လုပ်ငန်းများကို တည်ဆောက်ခဲ့ပြီး အဆိုပါ ရေတားတမံအား ၂၆-၆-၂၀၁၄ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ငလိုက်ချောင်း ရာဘာရေတားတမံသည် ယခုအခါတွင် ဒေသခံပြည်သူများ သဘာဝအပူဒဏ်ခံစားနေရချိန် ပူပြင်းမှု၏ အကျိုးဆက်ဖြစ်သော ခြောက်သွေ့လာမှုကြောင့် ရေအခက်အခဲများဖြစ်ပေါ်နေချိန်တွင် ယင်းရာဘာရေတားတမံမှ အနီးရှိ မြို့ပေါ်ရပ်ကွက်များဖြစ်သော ရန်အောင်(၁)ရပ်ကွက်၊ ရှာကောက်ရပ်ကွက်၊ ရွှေချိုရပ်ကွက် နေပြည်သူများ၏ ရေအခက်အခဲများကို ယခင်နှစ်များထက် ပိုမိုကာကွယ်ပေးနိုင်ခဲ့သည်။

လက်ရှိ ရေပေးဝေမှုစနစ်အနေဖြင့် ငလိုက်ချောင်း ရာဘာရေတားတမံ အနီး ချောင်းကြမ်းပြင်တွင် ကျောက်၊ သဲ အဆင့်ဆင့်ဖြင့် အလွှာလိုက် တည်ဆောက်ထားသော ရေစကျင်းရှိ၍ မူလချောင်းရေမှ အလွှာအသီးသီးကို ကျော်ဖြတ်ကာရေမြုပ် Pump များဖြင့် ချောင်းတမ်းပါးဘေးရှိ Ground Tank ပေါ်တွန်းတင်ပြီး ၎င်း Ground Tank တွင် အကန့်သုံးကန့်ခွဲထား၍ ရေကြမ်းကန် ဂါလန်၁၅၀၀၀၊ အနည် ကျကန် ဂါလန် ၁၅၀၀၀၊ သန့်စင်ပြီး ရေကန် ဂါလန် ၁၅၀၀၀ စုစုပေါင်း ရေဂါလန် ဂါလန် ၄၅၀၀၀ ဝင်ဆံ့သည့် ကန်များတည်ဆောက်ထားသည်။

ရေကြမ်းကန်မှ လျှံကျလာသော ရေ များသည် အနည်ကျကန်တွင် အနည် ထိုင်၍ ၎င်းရေများကို Carbon Filter, Sand Filter များဖြင့် အဆင့် ဆင့်ဖြတ်၍ သန့်စင်ပြီးရေကို ရေသန့်ကန်အတွင်း မောင်းထည့်ပြီး ယခုအချိန်တွင် မြို့ပေါ်ရပ်ကွက်များဖြစ်သော ရွှေချိုရပ်ကွက်၊ မင်္ဂလာရပ်ကွက်များသို့ ပေးဝေသော ခေမာသီဝံရေစင်ပေါ်သို့လည်းကောင်း၊ သံယာ့ဆေးရုံကြီးသို့လည်းကောင်း၊ ဈေးကုန်းကျောင်းသို့လည်းကောင်း တစ်နာရီ ဂါလန် ၅၀၀၀ နှုန်းဖြင့် ပေးဝေလျက်ရှိသည်။

ယခင်က ရွှေချိုရပ်ကွက်၊ မင်္ဂလာရပ်ကွက်များသို့ ရေပေးဝေသော ခေမာသီဝံရေစင်ပေါ်သို့ မြို့ပေါ်ရေစက်များမှ ၃ နာရီ ခန့်မောင်းတင်ရသော်လည်း ရာဘာရေတားတမံ တည်ဆောက်ပြီးချိန်မှစ၍ သန့်စင်ပြီးရေကို ပူးပေါင်းမောင်းတင်သည်အခါ ၁ နာရီ ကျော်ခန့်သာ ကြာမြင့်သဖြင့် ရပ်ကွက်နေပြည်သူများ ရေကို ပိုမိုလုံလောက်စွာသုံးစွဲနိုင်ခြင်း၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှု၊ ရေရှားပါးမှုအခက်အခဲကို ကျော်ဖြတ်နိုင်ခဲ့သည်။

ပျဉ်းမနားမြို့လယ်ရှိ အထင်ကရ မြို့ကျက်သရေဆောင် ကန်တော်မင်္ဂလာရမ်းကန်ကြီးသည်လည်း ကန်ရေလျော့နည်းမှုမရှိဘဲ ကန်အတွင်းရှိ ငါး၊ လိပ်ရေသတ္တဝါများနှင့် လှပတင့်တယ်ခဲ့ပြီး မီးဘေးအန္တရာယ်ဖြစ်ပွားခဲ့လျှင်လည်း မီးငြိမ်းသတ်ရန်အတွက် ၎င်းရာဘာ ရေတားတမံကြီးမှ ရေကိုအလွယ်တကူရယူနိုင်မည်ဖြစ်သည်။

မြို့ပေါ် ရေပေးဝေရေးစနစ်တွင်လည်း ယခင်နှစ်များနှင့်မတူ အထူးအထောက်အကူပြုခဲ့ကာ မြို့ပေါ်နေပြည်သူများအနေဖြင့် ရေရှားပါးမှုအခက်အခဲကို မကြုံတွေ့ရတော့ဘဲ ရေလုံလောက်မှုရရှိခဲ့သည်။ ငလိုက်ချောင်းရာဘာ ရေတားတမံတစ်လျှောက်ဒေသ စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ရေးတို့ကိုလည်းများစွာ အထောက်အကူပြုနိုင်ခဲ့ပြီး ဒေသခံပြည်သူများကလည်း ဆက်လက်၍ ရေတားတမံကြီး ထပ်မံစည်ကားလာနိုင်ရေး၊ ဆက်လက်တိုးချဲ့ပြုပြင်တည်ဆောက်ရေး၊ လှပစေရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဒေသခံ ပြည်သူများအတွက် အကျိုးပြုနေသော ငလိုက်ချောင်း ရာဘာရေတားတမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ လှပစေရေးအတွက် ဒေသခံပြည်သူများ၊ ချောင်းအနီးနေထိုင်ကြသူများအနေဖြင့် ချောင်းအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်း၊ အညစ်အကြေးများစွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ **ကိုမျိုး(ရွှေပေါက္ကူ)**

သံအမတ်ကြီးဦးမြင့်နောင်အား ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

သံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်း ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၇

အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်းသည် ၎င်း၏ခန့်အပ်လွှာကို ဧပြီလ ၂၃ ရက်နေ့တွင် ဗျူနိုအေရိစ်မြို့၌ အာဂျင်တီးနားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာအမာဒို ဘိုဒူးထ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ မယ်ဖလုံတက္ကသိုလ်မှ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ ကျိုင်းတုံသို့ လာရောက်လည်ပတ်

ကျိုင်းတုံ မေ ၆

ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ကုမ္ပဏီဖြစ်သော Mekong Delta Co., Ltd ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ရှိ မယ်ဖလုံတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၇ ဦး တို့သည် မေ ၂ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကာ ဝမ်အင်ဘုန်းတော်ကြီးကျောင်း၊ စွမ်းခမ်းစေတီ၊ သစ်တပင်တောင်၊ ရပ်တော်မူဘုရား၊ နောင်တုံကန်၊ မဟာမြတ်မုနိဘုရား၊ ဟော်ခဘုန်းတော်ကြီးကျောင်းနှင့် ကျိုင်းတုံမြို့မဈေးကြီးသို့ သွားရောက်လေ့လာလည်ပတ်ကြပြီး ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ်၌ ညအိပ်ရပ်နားကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မေ ၃ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှတစ်ဆင့် မိုင်းလားမြို့သို့ နေ့ချင်းပြန်သွားရောက်လည်ပတ်ကြရာ မိုင်းလားမြို့ရှိ တရုတ်-မြန်မာနယ်စပ် ဒွေနာဂရစေတီ၊ မူးယစ်ဆေးဝါးပြတိုက်နှင့် ကရဏာမေတ္တာဘုရားတို့သို့ သွားရောက်လေ့လာလည်ပတ်ကြကာ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မေ ၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံဟိုတယ်သစ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး၊ ကျိုင်းတုံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ ကျိုင်းတုံမြို့ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။ ထို့နောက် အဆိုပါ အဖွဲ့သည် တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **(ကြေးမုံ)**

စာအုပ်၊ စာပေ လူ့မိတ်ဆွေ

အိုင်အက်စ်ခေါင်းဆောင်လေးဦးနှင့် ပတ်သက်ပြီး သတင်းပေးနိုင်လျှင် အမေရိကန်အစိုးရက ဒေါ်လာ သန်း၂၀ ချီးမြှင့်မည်

ဝါရှင်တန် မေ ၆

အမေရိကန်အစိုးရက အိုင်အက်စ်စစ်သွေးကြွ ခေါင်းဆောင်လေးဦးနှင့် ပတ်သက်၍ သတင်းအချက်အလက်များပေးနိုင်မည်ဆိုပါက ဒေါ်လာ သန်း၂၀ ကို ဆုကြေးငွေအဖြစ် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

အမေရိကန် တရားမျှတမှုအစီအစဉ်၏ ဆုကြေးငွေချီးမြှင့်ခြင်းဆိုင်ရာဌာနက အယ်ဘ်အာရာမန်အယ်ကွာဒုလီ၊ အာဘူမိုဟာမက်အယ်အာဒ်နာနီ၊ တာခန်ဘာတီရာချ်ဗီလီနှင့် အယ်ဟာဇီတို့သည် အိုင်အက်စ်အဖွဲ့၏ အဓိကခေါင်းဆောင်များဖြစ်သည်ဟု ပြောသည်။

အိုင်အက်စ်အဖွဲ့သည် အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၏ နေရာအများအပြားကို သိမ်းပိုက်ထားပြီး နိုင်ငံခြားသားများအား ပြန်ပေးဆွဲခေါင်းဖြတ်သတ်ခြင်းစသည့် အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

ယင်းတို့အနက် ခေါင်းဆောင်ကွာဒုလီနှင့်ပတ်သတ်ပြီး သတင်းပေးနိုင်မည်ဆိုပါက ဒေါ်လာ ၇ သန်းဆုချီးမြှင့်မည်ဖြစ်သည်။ ကွာဒုလီသည် ၂၀၁၂ ခုနှစ်က ထောင်မှ လွတ်မြောက်ခဲ့ပြီး ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့နှင့် ပြန်လည်ပူးပေါင်းခဲ့သည်။ ၂၀၀၄ခုနှစ်တွင် အယ်လ်ခိုင်ဒါအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်က လေယာဉ်ပျံဗုံးကြဲတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည့် အာဘူမုဆက်ဘ်အယ်ဇာကာဝီ၏ လက်ထောက်အဖြစ် တာဝန်ထမ်းရွက်ခဲ့ကြောင်း သိရသည်။

နောက်ထပ်စစ်သွေးကြွခေါင်းဆောင်များ ဖြစ်ကြသည့် အယ်အာဒ်နာနီနှင့် ဘာတီရာချ်ဗီလီတို့နှင့် ပတ်သတ်ပြီး သတင်းပေးနိုင်လျှင် ဒေါ်လာ ၁၀ သန်းဆုချီးမြှင့်မည်ဖြစ်သည်။ အယ်အာဒ်နာနီသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ တရားဝင်ပြောရေးဆိုခွင့်ရှိသူဖြစ်ပြီး အနောက်တိုင်းသားများနှင့် အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်ချေမှုန်းရန် ထပ်တလဲလဲ တိုက်တွန်းခဲ့သည်။

ဘာတီရာချ်ဗီလီသည် အိုင်အက်စ်အဆင့်မြင့်တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်ပြီး နိုင်ငံခြားသားများကို ပြန်ပေးဆွဲဖမ်းဆီးထားသည့် ဆီးရီးယားနိုင်ငံ ရာပ်ကာ စီရင်စု၏ တာ့ဘ်ကာဒေသရှိ ထောင်တစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ခေါင်းဆောင်အယ်ဟာဇီနှင့်ပတ်သတ်ပြီး သတင်းပေးနိုင်လျှင် ဒေါ်လာ ၃ သန်းချီးမြှင့်မည်ဖြစ်သည်။ အယ်ဟာဇီသည် အိုင်အက်စ်အဖွဲ့အတွက် ရန်ပုံငွေများစုဆောင်းပေးပြီး ဆီးရီးယားနှင့်တူရကီနိုင်ငံနယ်စပ်ဒေသတွင် ဖြန့်ကြက်ထားသည့် အိုင်အက်စ်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။

အမေရိကန်အစိုးရ၏ အလိုရှိဆုံးသော အယ်လ်ခိုင်ဒါခေါင်းဆောင် အာမန်အယ်ဇာဝါဟီရီနှင့်ပတ်သတ်ပြီး သတင်းပေးနိုင်မည်ဆိုပါက ဒေါ်လာ၂၅ သန်းချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **ရိုက်တာ။**

ကျူးဘားနှင့် အမေရိကန် ကူးတို့သင်္ဘောများ ပြေးဆွဲတော့မည်

ဝါရှင်တန် မေ ၆

စစ်အေးကာလပြိုင်ဘက်ဟောင်းနှစ်နိုင်ငံအကြား ကူးတို့ပြေးဆွဲခြင်းကို ပြန်လည်လုပ်ကိုင်ခြင်းအားဖြင့် အိုဘားမားအစိုးရသည် ကျူးဘားနှင့် ပုံမှန်ဆက်ဆံရေးထူထောင်ရန် ကြိုးစားမှုကို ယနေ့ခြေလှမ်းတစ်လှမ်းထပ်မံလှမ်းလိုက်ပြီဖြစ်သည်။

ဖလော်ရီဒါတောင်ပိုင်းမှ ဟာဗားနားသို့ ကီလိုမီတာ ၁၅၀ ကွာဝေးသည့်ခရီးကို ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် အနည်းဆုံးကုမ္ပဏီလေးခုကို အမေရိကန်ဘဏ္ဍာရေးဌာနက ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည်။

ယင်းတို့အနက် ကုမ္ပဏီသုံးခုသည် ဖလော်ရီဒါ၌ အခြေစိုက်သည်။

အာဏာရှင် ဖုလ်ဂျင်စီရို ဘာတစ္စတာအစိုးရအား ဖယ်ရှားခဲ့သည့် ဖီဒယ်ကက်စထရိုဦးဆောင်သော ၁၉၅၉ ခုနှစ် ကွန်မြူနစ်တော်လှန်ရေးမတိုင်မီကျူးဘားနှင့် အမေရိကန် နိုင်ငံတို့အကြား ကူးတို့သင်္ဘောများ ပုံမှန် ပြေးဆွဲခဲ့သည်။

ကျူးဘားသို့ ခရီးသွားရန် ဆန္ဒရှိကြသော အမေရိကန်နိုင်ငံသားများသည် ပညာရေးနှင့် ယဉ်ကျေးမှုခရီးစဉ်များ အပါအဝင် အကန့်အသတ်ဖြင့်သာ သွားနိုင်သေးသည်။

အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် ကျူးဘားသမ္မတဖီဒယ်ကက်စ်ထရိုတို့သည် နှစ်ပေါင်း ၅၀ ကြာ ပြတ်တောက်သွားခဲ့သော နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ကြောင်း လွန်ခဲ့သည့် ဒီဇင်ဘာတွင် ကြေညာပြီးနောက် ဝါရှင်တန်နှင့် ဟာဗားနားအဆင့်မြင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ **ရိုက်တာ။**

ဘောလိဝုဒ်နာမည်ကျော် ရုပ်ရှင်မင်းသား ထောင်ငါးနှစ် ချမှတ်ခံရ

နယူးဒေလီ မေ ၆

အိန္ဒိယတရားရုံးတစ်ရုံးက ဘောလိဝုဒ်နာမည်ကျော် ရုပ်ရှင်မင်းသား ဆာလ်မန်ခန်ကို ၂၀၀၂ ခုနှစ်တွင် မွမ်ဘိုင်းမြို့၌ အိုးအိမ်မဲ့တစ်ဦးကို ကားဖြင့် တိုက်ပြီး ထွက်ပြေးခဲ့သဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန် ယနေ့ အမိန့်ချမှတ်သည်။

ကားတိုက်ခံရသူမှာ သေဆုံးသွားခဲ့ကာ ယင်းကားတိုက်မှုတွင် ဆာလ်မန်ခန် အပါအဝင် လူငါးယောက်ပါဝင်သည်။ ကိုလူသေဆုံးမှုတွင် မင်းသား၌ အပြစ်မကင်းဟု စွပ်စွဲသည်။

အခင်းဖြစ်ချိန်တွင် ကားမောင်းသူမှာ ၎င်း၏ ဒရိုင်ဘာဖြစ်ကြောင်း ခန်က တရားရုံးသို့ ပြောကြားခဲ့သည်။ သို့သော် တရားသူကြီးက ခန်ကိုယ်တိုင် အရက်သေစာ သောက်စားမူးယစ်လျက် ကားမောင်းခဲ့သည်ဟုဆိုသည်။

ဥပဒေကျွမ်းကျင်သူများက ခန်သည် အယူခံဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

အမှန်မှာခန်သည် ထောင်ဒဏ် ၁၀ နှစ်အထိ အပြစ်ပေးခြင်းခံရနိုင်သည်။

ယနေ့ နံနက်ပိုင်းတွင် မင်းသားသည် ၎င်း၏ မိသားစုများ၊ မိတ်ဆွေများဖြင့် တရားရုံးသို့ ကားမောင်း၍ လာခဲ့သည်။ ၎င်းကို ချစ်ခင်ကြသော ပရိသတ်များက အပြစ်မလွတ်စေရန် ဆုတောင်းကြသည်။

တရားရုံးတွင် အပြစ်ရှိကြောင်း ကြေညာလိုက်သောအခါ မင်းသားမူးမေ့သွားခဲ့ပုံကို အိန္ဒိယ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။ **ရိုက်တာ။**

ယီမင်နိုင်ငံအတွင်းတိုက်ခိုက်မှုများက အယ်လ်ခိုင်ဒါအဖွဲ့အား တံခါးဖွင့်ပေးနေဟု ဥရောပသမဂ္ဂ အထက်တန်းသံတမန် ပြောကြား

ပေကျင်း မေ ၆

ယီမင်နိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် ကသောင်းကနင်းဖြစ်မှုများသည် အယ်လ်နိုင်ဒါ လှုပ်ရှားမှုအဖွဲ့အတွက် တံခါးများဖွင့်ဟပေးသကဲ့သို့ရှိနေပြီး တစ်ဖက်သတ် အရေးယူဆောင်ရွက်ခြင်းထက် အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် နိုင်ငံတကာ ကြားဝင်ဖြေရှင်းပေးမှု လိုအပ်နေကြောင်း ဥရောပသမဂ္ဂအဖွဲ့၏ နိုင်ငံခြားရေးရာ မူဝါဒဆိုင်ရာအဖွဲ့ အကြီးအကဲ ဖက်ဒါရီကာမိုဂါရီနီက မေ ၆ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော အာရပ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများပါဝင်သည့် လေတပ်ဖွဲ့က ဟူသီသူပုန်များ၏ ပစ်မှတ်များကို ယခုနှစ် မတ်လအတွင်းက စတင်ကာ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ယီမင်နိုင်ငံတွင် အာဏာစွန့်လွှတ်ခဲ့ရသည့် သမ္မတဟောင်း အလီအဗ္ဗဒလာဆာလေအား သစ္စာစောင့်သိသည့် ဟူသီသူပုန် တပ်ဖွဲ့များအား အီရန်နိုင်ငံက ကျောထောက်နောက်ခံပြုထားပြီး ယင်းသူပုန်များက ယီမင်နိုင်ငံ၏ ပိုင်နက်နယ်မြေ အစိတ်အပိုင်း အများအပြားကို သိမ်းယူထားသည်။ ဒေသအတွင်းရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွများကိုပါ တိုက်ခိုက်ရန် လိုအပ်သည်ဟု ဟူသီ သူပုန်အဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

အကြမ်းဖက်မှုနှင့် စစ်ပွဲများကြောင့် လူ ၃၈ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ရ

ဂျိနီဗာ မေ ၆

အကြမ်းဖက်မှုများ သို့မဟုတ် စစ်ပွဲများကြောင့် လူပေါင်း ၃၈ သန်းသည် ၎င်းတို့၏နိုင်ငံမှ အိုးပစ်အိမ်ပစ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ယင်းစံချိန်တင်အရေအတွက်သည် လန်ဒန်၊ နယူးယောက်နှင့် ပေကျင်း သုံးမြို့ပေါင်း၏ လူဦးရေနှင့်ညီမျှသည်ဟု မေ ၆ ရက်ထုတ် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာကို နော်ဝေဒုက္ခသည်များကောင်စီ(NRC)အောက်ရှိ နိုင်ငံတကာ အိမ်ရာစွန့်ပြေးသူများ စောင့်ကြည့်ရေးဗဟိုအဖွဲ့(IDMC)က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ "အိုးပစ်အိမ်ပစ်စွန့်ခွာထွက်ပြေးရသူ အရေအတွက် ဒီလောက်များပြားတာဟာ ကျွန်တော်တို့အနေနဲ့ အပြစ်မဲ့အရပ်သားတွေကို ကာကွယ်ပေးနိုင်မှု လုံးဝမရှိဘူးဆိုတာကို ပြသနေပါတယ်"ဟု NRC အတွင်းရေးမှူး ဂျန်အက်ဂ်လန်က ပြောကြားသည်။ အစီရင်ခံစာအရ ၂၀၁၄ ခုနှစ်အတွင်း အိမ်ရာစွန့်ခွာထွက်ပြေးရသူ ၁၁ သန်းရှိပြီး ယင်းအရေအတွက်သည် လွန်ခဲ့သည့်နှစ်အတွင်း တစ်ရက်လျှင် လူ ၃၀၀၀၀ နှုန်း အိမ်ရာစွန့်ခွာထွက်ပြေးနေရသည့် သဘောမျိုးဖြစ်နေသည်။

"ကမ္ဘာ့ရေးရာသံတမန်တွေ၊ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေဟာ ဘာသာရေး ဒါမှမဟုတ် နိုင်ငံရေးအရ လက်နက်ကိုင်အကြမ်းဖက်နေသူတွေကို ဆန့်ကျင်ရာမှာ မအောင်မြင်ဘဲဖြစ်နေပါတယ်။ ဒီအစီရင်ခံစာဟာ ကျွန်တော်တို့ကို မျက်ကလဲဆန်ပျာဖြစ်အောင် တပ်လှန့်လိုက်တာမျိုးပဲ ဖြစ်သင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကမ္ဘာတစ်ဝန်း ပဋိပက္ခဇုန်တွေမှာ ကျရောက်နေတဲ့ သန်းပေါင်းများစွာရှိတဲ့ အမျိုးသား၊ အမျိုးသမီးနဲ့ကလေးသူငယ်တွေကို ကာကွယ်သွားကြရမှာဖြစ်ပါတယ်"ဟု ဂျန်အက်ဂ်လန်က ဆက်လက်ပြောကြားသည်။

အဆိုပါအစီရင်ခံစာတွင် IDMC က စောင့်ကြည့်လေ့လာနေသည့် နယ်မြေနှင့် နိုင်ငံပေါင်း ၆၀ တွင် အိုးမဲ့အိမ်မဲ့အဖြစ် ၁၀ နှစ်ကျော်နေထိုင်သူ ၉၀ ရာခိုင်နှုန်း နီးပါးရှိသည်ဟု သိရသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ၏လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များဆွေးနွေး

နယူးယောက် မေ ၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် မေ ၅ ရက် ညနေ ၄ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ ကုလသမဂ္ဂအတွေ့တွေ့အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဒေါက်တာဝင်းမြင့်၊ ဦးဝင်းသန်း၊ ဦးသိန်းထွန်း၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီး၌ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂရုံးချုပ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဘီးယားအား လက်ခံတွေ့ဆုံ

နယူးယောက် မေ ၆

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၅ ရက် နနက် ၁၁ နာရီခွဲတ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ မစ္စတာ ဗီဂျေနမ်ဘီးယားအား လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် Asia Society သို့ရောက်ရှိကြပြီး ၎င်းတွင် ပြသထားသော Buddhist Art of Myanmar မြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ YESC ပိုင် 6.6KV မင်္ဂလာတောင်ညွန့်မြို့နယ်ရုံး ဓာတ်အားခွဲရုံတွင်တပ်ဆင်ထားသော 6.6KV GCB Panel အား ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မေ ၇ ရက်တွင် နနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လုပ်ငန်းများဆောင်ရွက်စဉ် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကလေး (အရှေ့၊ အနောက်၊ တောင်၊ မြောက်)ရပ်ကွက်များ၊ ဖို့မြေရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ဖဆပလရပ်ကွက်၊ (101)လမ်း၊ မြန်မာ့ဂုဏ်ရည်လမ်းတစ်လျှောက်၊ ဂျိုးဖြူလမ်း၊ သိမ်ဖြူလမ်း၊ ဒေါ်သိန်းတင်လမ်းတစ်လျှောက်တို့တွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

ထို့အပြင် လှိုင်မြို့နယ်အတွင်းရှိ YESC ပိုင် 66/33 KV, RIR ဓာတ်အားခွဲရုံတွင် မြေအောက်ဓာတ်ကြိုးပြောင်းရွှေ့ခြင်းလုပ်ငန်းများအတွက် မေ ၇ ရက်တွင် နနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်စဉ် လှိုင်မြို့နယ်အတွင်းရှိ (၁၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၆)ရပ်ကွက်များတွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့်ပန်ကြားအပ်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် မေ ၄ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ပရဟိတလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး အမျိုးသမီးနှစ်ထပ် အိပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

မေ ၅ ရက်တွင် ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာနှင့် ကင်မွန်းချောင်းကျေးရွာ ဆက်သွယ်ထားသည် လမ်းပေါ်ရှိ ကဒထ်ချောင်းတံတား ပေ ၃၂၀ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ ကင်မွန်းစခန်း-ငှက်ပျောတောလမ်း (၂/၆) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ လည်းကောင်း အသီးသီးရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ငှက်ပျောတောကျေးရွာ၊ ချောင်းကွေ့ကျေးရွာ၊ ပီတိကျေးရွာ၊ မာလာဖူးကျေးရွာနှင့် ရေဝေကျေးရွာများရှိ ဒေသခံ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာများအတွက် ဆိုလာမီးအစုံ ၁၇၀ ကို ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့ အထက(၁)နှင့် မြောက်ပိုင်း အမက(မူလွန်) ကျောင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြကန်သာအိမ်ရာကစားကွင်း လူသတ်မှု ဖြစ်မှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖော်ထုတ်အရေးယူ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၂)ရပ်ကွက် မြကန်သာလမ်း မြကန်သာအိမ်ရာကစားကွင်း အုတ်နံရံဘေး အမှိုက်ပုံအနီးတွင် အမျိုးသားတစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ဧပြီ ၃၀ ရက် နနက် ၁၀ နာရီခန့်တွင် တွေ့ရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ စုံစမ်းဖော်ထုတ်ခဲ့သည်။

အမှုမှ သေဆုံးသူအမျိုးသားအား စုံစမ်းခဲ့ရာ ၎င်းမှာ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ ကိုချစ်ဝိုင်း(၂၆)နှစ် ဖြစ်ကြောင်း မေ ၁ ရက်က အတည်ပြု သိရှိခဲ့သည်။

အမှုမှာ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ လှိုင်မြို့နယ်နေ စောရန်နိုင်ဆိုသူမှာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ကြောင်း အတည်ပြုစုံစမ်းရရှိပြီး ၎င်းကို မေ ၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကာ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သည် လှိုင်မြို့နယ်နေ ရဲမာန်အောင်၊ ဇာနည်ဦး၊ ဝေယံပိုင်(ခ)ပိုင်ပိုင်တို့ကိုလည်း ဆက်လက်ဖမ်းဆီးနိုင်ခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့ လေးဦးသည် အခင်းဖြစ်ညက သေဆုံးသူ ချစ်ဝိုင်းနှင့်အတူ အင်းယားကန်ပေါင်တွင် တွေ့ဆုံခဲ့ကြောင်း၊ ဇာနည်ဦး၏တယ်လီဖုန်းကို ချစ်ဝိုင်းက ယူဆောင်ဖျောက်ဖျက်ထားသည်ကိုမကျေနပ်၍ အင်းယားကန်ပေါင်ပိတ်ချိန်၌ မြကန်သာအိမ်ရာကစားကွင်းသို့ သွားရောက်ကာ အရက်အတူသောက်ကြစဉ် ဝိုင်းပန်းရိုက်နှက်ခဲ့ကြသဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အများပြည်သူစိတ်ဝင်စားသည့် အဆိုပါ လူသတ်မှုအား ငါးရက်အတွင်း ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ဝ၄၈)

◆◆◆

မိုးကောင်းကင်
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
က(၉/၁၀)၊ ပကျွင်း၊ အောင်မင်္ဂလာအဝေးပြေး၊ ရန်ကုန်ဂိတ်။
ရန်ကုန် - မုံရွာ - အရာတော် - မုလဲ
ရန်ကုန် - ဆားလယ် - မြိတ်
SCANIA
ဖုန်း - 01-704685, 637643, 637644, 09-5161681, 09-31092548, 09-73208028, (ဗွီအိုင်ပီ) - 09-421074447

ထူးထူးခြားခြား ဘိုမင်းသား

မောင်ချိုမင်း(ကျွဲခရတ်)

မြန်မာ့သုမမဇာတ်ခုံပေါ်တွင် မြန်မာတိုင်းရင်းသားဇာတ်မင်းသားများ ဇာတ်ကခဲ့ကြသည်မှာ လုံးဝမဆန်း။ သို့သော် နယ်မြေရင်းခံ တိုင်းတစ်ပါးမှ ပေါက်ဖွားလာသူမျက်နှာဖြူလူမျိုးခြားစစ်စစ်တစ်ဦးက မြန်မာဇာတ်မင်းသားများနှင့်အတူ မြန်မာ့ဇာတ်ခုံပေါ်တွင် ကျော်ကြားခဲ့သည်မှာ နယ်ချဲ့ခေတ်တန်ခိုးထွားခဲ့ချိန်ကဖြစ်သည်။ ယင်းမင်းသား၏ အမည်ကား အင်္ဂလန်စိန်ဝင်း။

သူ၏ဘိုးဘွားများက ဩစတြေးလျနိုင်ငံသားစစ်စစ်များဖြစ်ကြ၏။ သူ့ဖခင်(အဲဖရက်)သည် ၁၉၀၅ ခုနှစ်ခန့်က မြန်မာနိုင်ငံတွင် မြင်းပွဲဝေါ စမြင်းစီးဂျော်လီအဖြစ် အသက်မွေးရန် တိုင်းတစ်ပါးမှ ရောက်ရှိလာသူဖြစ်ပြီး ခြောက်တသားအရွယ် သားငယ်တလေးအာသာလည်း မိဘနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာရသူဖြစ်၏။

သူငယ်စဉ်က သူ့မိခင် ဖခင်တို့သည် နေ့စဉ်လိုလို ညစာစားပွဲ၊ ကပွဲများသို့ သွားရောက်ပျော်ပါးလေ့ရှိပြီး အာသာကလေးကို ကလေးထိန်းနာနီကြီးနှင့်လွှဲထားသည်ကများသည်။ နာနီကြီးမှာ မိခင်စိတ် အပြည့်အဝရှိသော မွန်အမျိုးသမီးကြီး တစ်ဦးဖြစ်၍ ဇာတ်၊ ရုပ်သေးတို့ကိုလည်း အလွန်ဝါသနာပါသည်။ တျေးထက်ဆိုင်ရာ တောက်တိုမည်ရ သီချင်းအတိုအစများကိုလည်း အရများသည်။ ထို့ကြောင့်ပင် ပုခက်ထွင်းမှ ရင်ခွင်ပိုက်အရွယ် သူထိန်းကျောင်းရသော အာသာတလေးကို သီချင်းထကြော် ကြော်သီဆိုချော့သိပ်ရင်း မြန်မာ့ကျေးလက်တေးသံများနှင့် မျက်နှာဖြူကလေးငယ်တို့ နားယဉ်စေခဲ့သည်။

ဆံပင်က ပြောင်းဖူးမွေးကဲ့သို့ နီကြန့်ကြန့်၊ မျက်ဝန်းကလဲပြာပြာ၊ အသားအရေတ နီနစ်ရောင်တဲ့သို့ဆွတ် ဆွတ်ဖြူ ဝဝတုတ်တုတ် နှဝ်နှစ်သားအရွယ် ချဝ်စဖွယ်ဘိုကလေးကို ရင်ခွင်ပိုက်၍ အိမ်အနီးအနားထွင် လာကသော ဇာတ်၊ ရုပ်သေး၊ နတ်ကန္နားပွဲမှန်သမျှကို သူ၏နာနီမိန်းမကြီးက သွားကြည့်လေ့ရှိသည်။ ထိုအခါ နာနီကြီးစားလယ်သည် မုန့်လေပွေ၊ မုန့်ဆီကြော်၊ ကောက်ညင်းပေါင်းနှင့် လက်ဖက်/ချင်းသုပ်များကို သူချစ်သည် တလေးပါးစဝ်တဲသို့ ပွဲကြည့်ရင်းခွံ့ခွံ့ပေးတတ်သေး၏။ ယုတ်စွအဆုံးထမင်းစားရာ၌ပင် နာနီကြီးက သူကြိုက်တတ်သည့် ငါးပိရည်၊ ထည်းသီး ဆားစိမ်တို့မှအစ ပုန်းရည်ကြီးတို့ကို အာသာကလေးအားကျွေးတတ်သေး၏။ ဤသို့ဖြင့် မြန်မာ့စိတ်ဓာတ်နှင့် မျက်နှာဖြူခန္ဓာကိုယ် ပေါင်းစပ်နေသော အာသာတို့ စိန်ပေါ(ထ်)ကျောင်းသားဘဝခုနှစ် နှဝ်သားအရွယ်ကပင် အိမ်နေရင်း နာနီကြီးလက်ခုပ်တီးဆိုသော နန်းဘုံသီဟာဘွေ၊ မြမန်းဂီရိစသည် သီချင်းမျိုးဖြင့် ခန်းဆီးကို တောင်ရှည်ပုဆိုးလုပ်ဝတ်၍ မင်းသားထိုကနေလေ့ရှိပြီ။

ကျောင်းကပွဲတိုင်းတွင် မင်းသားအဖြစ် ပါဝင်ရသည်ကများပြီး ကျောင်းသားများအထယ် လူသိများလာခဲ့သည်။ သို့သော် တျောင်းစာဘက်၌ ထူးချွန်မှုမရှိဘဲ စာမေးပွဲ နီးနေပါလျက် ရေကျော်တွင် တပြသည် ဘိုးဘိုးရာမဇာတ်ကို ၄၅ ညလုံး ညစဉ်မပြတ် သွားကြည့်နေမှုကြောင့် စာမေးပွဲ တဗုန်းဗုန်းကျခဲ့ရသည်။ သို့သော် သူကမမှု။

ဇာတ်မင်းသားအကျော် ဦးစိန်ကတုံးထံတွင် သဘင်ပညာတို မရမတ ဆည်းပူးခဲ့သည်။ ဦးစိန်ကတုံးကထည်း သူ့ဖခင်ဂျော်ထံမှ မြင်း(တစ်)ကောင်းကောင်း ရထထ်သည်ဖြစ်၍ အာသာ့အား ကြုးစားပြသသင်ပေးခဲရာ အာသာတို့ ဇာထ်ပညာအသင့်အထင့်ရထာခဲ့ပြီ။ သို့သော် ပထမ သူက ဇာထ်ထုပ်စားရန် စိက်ကူးမရှိ။ ဦးစိန်ကထုံးကထည်း သူ့ကို

ENGLAND SEIN

ညကြေးတို့၊ လခတို့မပေးဘဲ မုန့်ဖိုး ပဲဖိုးမျှသာ ပေးကာ သူ၏ အကောင်းဆုံးအကဖြစ်သည် အမဲခြောတ်ဖုတ်အတ၊ တစ်ပင်တိုင်မင်းသား လတ်နှစ်ပါးသွားအတမျိုးစုံတို သင်ပေးခဲ့သည်။ ထို့ပြင် သူနှင့် ခေတ်ပြိုင်မင်းသား ဖိုးစိန်ကြီးမခံချင်အောင် သူ့ဇာယ်ခုံပေါ်မှ နေ၍ ကြုံးဝါးလိုက်သေး။

"ဖိုးစိန်က ဘိုကပြားမကွေကိုခေါ်ပြီး သူ့ဇာတ်ခုံပေါ်မှာ ယိမ်းသမလုပ်ခိုင်းတာ၊ စိန်ကတုံးဆိုတဲ့ ကျုဝ်ကထော့ တပည့်ဖြစ်သူ အာသာတို ဘိလပ်သွေးအစစ်မှန်း လူကကာ သိအောင် "အင်္ဂလန်စိန်"လို့ မှည့်လိုက်ပြီ ခင်ဗျား။"

အမှန်စင်စစ် အင်္ဂလန်စိန်သည် စိန်ကကုံးထံမှ အတများတို ပိုင်နိုင်စွာသင်ကြားတတ်မြောက်လာခဲ့သည့်။ သို့သော် နောက်ပိုင်းကိုမူ ထုံးဝဆိုနိုင်၊ ပြောနိုင်သူမဟုတ်။ သဘာဝအနေအထားအားဖြင့် မျက်နှာဖြူစစ်စစ် ဖြစ်နေ၍ မြန်မာစကားကို အလွန်ပီသအောင် မြောဆိုနိုင်သည်တိုင် နောက်ပိုင်းဇာတ်ကတတ်၊ လှမ်းတတ်၊ ပြောတတ်ရန်မှာ ပရိသတ်အလယ် ရယ်စရာဖြစ်နေပေလိမ့်မည်။ ထိုကြောင့်လည်း သူ့ကိုငွေအရင်းအနှီးစိုက်ထုတ်ထူထောင်ပေးထားသည် ပုသိမ်မြို့မှ ဦးစိန်၊ ဒေါ်ခင်သန်းတို့က နောက်ပိုင်းအတွက် အသံကောင်း၊ ရုပ်ချော မင်းသားငယ်ကစ်ဦးကို ရှာဖွေထည်လိုက်ကြရပါပြီ။ ထိုနောတ်ပိုင်း တာဝန်ယူ တပြရမည့် မင်းသားတထေးမှာ နောင်အခါ သဘင်တောင်စီဥတ္တမ ဖြစ်ထာမည် အောင်ထွန်းရွှေခေါ် ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်းပင်တည်း။

အင်္ဂလန်စိန်တ နဖူးစည်းခေါင်းဆောင် မင်းသားပီပီ တစ်ညလျှင် တစ်ဆယ်ကျပ် ညကြေးရ၍ သူ့လက်ထောက် အောင်ထွန်းရွှေက သုံးကျပ်မျှသာရသည်။

"ဟားဟား ဘိုမင်းသားစန်းကောင်းနေတဲ့ ၁၉၃၄ ခုနှစ်လောက်က ဇလွန်-ဟသာတ-မြန်အောင်-ကြံခင်းနဲ့ ပုသိမ်နယ်တွေဟာ သူစားတျတ်ချည်းပဲပေါ့။ သူကလည်း ခြေတို ခပ်တောင်းတောင်း၊ အကကလည်း တောင်းဆိုတော့ ပိုးကြပန်းကြတဲ့ အမျိုးသမီးတွေ၊ ညစဉ်ရလိုတ်တဲ့ လက်ဆောင်တွေနည်းရော့လား။ တျုဝ်တတော့ သူ့တိုကြော်တ်နေရတယ်။ သူက ထွတ်တ ဆိုမှ တရတယ်။ သူ မတနဲ့ပြန်ဝင်ဆိုရင် ကားကြားထဲဝင်ရပြီ၊ ဒီလောက်ကို စန်းရှိခဲ့တဲ့ ဘိုမင်းသားကွ"ဟု ဦးစိန်အောင်မင်းက အတိတ်ကိုဆောင်ရင်း အထတ်ပါအတိုင်း ပြောခဲ့ဖူးသည်။

ဒုတိယတမ္ဘာစစ်ဖြစ်ပွားထာသောအခါ အင်္ဂလန်စိန်သည် စစ်သားဘဝဖြင့် အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယသို့ ခြေထျင်လျှောက်ပြီး စစ်ဆုယ်ခဲ့ရ၍ စစ်ပြီးဆုံးသည်အခါ ရွှေဘို၊ မန္တလေးမှ မဟာမိတ်တပ်များနှင့်အတူ ရှိနေခဲ့သည်။ ထိုမှတစ်ဖန် အင်္ဂလိပ်လပ်များ ဖျက်သိမ်းလိုက်သည့်အချိန် ရန်ကုန်မြို့သို့ ရောက်လာပြီး သယ်န်းကျွန်းတွင် နေထိုင်ကာ လေကြောင်းပို့ဆောင်ရေး (ယူဘီအေ) တွင် လုံခြုံရေးတာဝန်ခံအဖြစ် ဝင်ထုပ်ထိုတ်သေးသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစလွင် ဇာတ်ပြန်တရန် စိတ်တူးသေးသော်ထည်း ခေတ်ပြောင်းသွားပြီဖြစ်၍ သဘင်ပညာရပ်ဖြင့် အသက်မွေးရန်ကိစ္စကို ယက်လျှော့ခဲ့ရသည်။

ဤသို့ဖြင့် ၁၉၅၀ ပြည့်နှစ်တွင် အကောက်ခွန်ဌာနမှ ဒေါ်မမကြီး (နိုင်ငံတော်ရှေ့နေချုပ်ဟောင်း ဦးဘစိန်၏ နှမ) နှင့် အိမ်ထောင်ကျပြီး စင်ကာပူမှ မိယ်ဆွေများကခေါ်၍ စင်တာပူသို့ ရောတ်သွားသည်။ မကြာမီ အင်္ဂလန်သို့ ပြောင်းရွှေ့ကာ ထန်ဒန်၌ အခြေချနေထိုင်ခဲ့ကြသည်။

ဘိုဆန်သော ဇနီးသည်က အင်္ဂလိပ်လို အပြောများသလောက် ဘိုမင်းသား အင်္ဂလန်စိန်က မြန်မာစကားပြောရမှ အားရသည်ဟု ဆိုသည်။ မိုခိုသူသားသမီးများကထည်း မရှိ၊ အလုဝ်အကိုင်ကလည်း အဆင်ပြေနေကြ၍ ထန်ဒန်ထွင် ဘာထဝ်ခံမျှမပူမပင်ရ။

၁၉၅၈ ခုနှစ်က ရွှေမန်းထင်မောင်နှင့် ဦးစိန်အောင်မင်းထို့ကို နိုင်ငံထော်စရိတ်ဖြင့် ဥရောပသို့ ထေ့ထာခွင့်ပေးသည်။ စကားပြန်မှာ ဒဂုန်ပဦးဘထင်ဖြစ်၏။ ရွှေမန်းနှင့် ဦးစိန်အောင်မင်းထို့ ထန်ဒန်တွင် ရောက်ရှိနေစဉ်ခိုက် ဘိုမင်းသားကြီးက တကူးတက ဟိုတယ်သို့ လာတွေ့ရင်း မြန်မာနိုင်ငံသို့ တစ်ဖန်ပြန်ထာပြီး ဇာတ်ကထိုသေးကြောင်းနှင့် မြန်မာ့အစားအစာ ငါးပိရည်၊ တို့စရာများကိုစားသောက်လိုသေးကြောင်း ပြောရှာသည်။

သို့သော် ဘိုမင်းသားကြီး၏ ဆန္ဒမှာ ပြည့်ဝမသွားရှာပေ။ သူသံယောဇဉ်ရှိခဲ့သော မြန်မာနိုင်ငံသို့ ထာရောက်ထည်ပတ်ရန် အားခဲနေစဉ်မှာပင် ၉-၁-၁၉၇၇ ခုနှဝ်၌ အဆုတ်ရောဂါဖြင့် ကွယ်ထွန်ခဲ့ရှာကြောင်း မြန်မာ့ အနုသုခမသဘင်ကို ဂုဏ်ပြုသောအားဖြင့် ဘိုမင်းသားကို ထင်ပြထိုက်ပါသည်။ ။

မြန်မာ့စိတ်ဓာတ်နှင့် မျက်နှာဖြူခန္ဓာကိုယ် ပေါင်းစပ်နေသော အာသာတို့ စိန်ပေါ(လ်) ကျောင်းသားဘဝခုနစ်နှစ်သားအရွယ်ကပင် အိမ်နေရင်း နာနီကြီးလက်ခုပ်တီးဆိုသော နန်းဘုံသီဟာဘွေ၊ မြမန်းဂီရိစသည့် သီချင်းမျိုးဖြင့် ခန်းဆီးကို တောင်ရှည်ပုဆိုး လုပ်ဝတ်၍ မင်းသားလို ကနေ

ဩစတြေးလျနှင့် မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ အကောက်ခွန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ အကောက်ခွန်ဦးစီးဌာန တို့မှ အကောက်ခွန်ဆိုင်ရာ တာဝန်ခံစီမံခန့်ခွဲမှု အထုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ဆူးလေရှန်ဂရီလာဟိုတယ် ပင်းယခန်းမ၌ ကျင်းပသည်။

"မြန်မာအကောက်ခွန်သည် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို နိုင်ငံထကာ စံနှုန်းများနှင့် အညီ ခေတ်မီစေရန်နှင့် ပြုပြင်ပြောင်းထဲရန်ဆောင်ရွက်နေပြီး ကုန်သွယ်မှုထွယ်ကူ ချောမွေ့စေရေးအထွက် အထို အလျောက် ကုန်စည်ရှင်းထင်းရေး စနစ်(MACCS)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထက်ရှိတွင် ဂျပန်အကောက်ခွန်နှင့် ပူးပေါင်းပြီး (MACCS) နှင့် (MCIS)စနစ်ကို ရေးဆွဲဆောင်ရွက် လျက်ရှိကြောင်း၊ တာဝန်ခံစီမံခန့်ခွဲမှုဆိုသည်မှာ ဆုံးရှုံး နဝ်နာနိုင်မှုကို လျှော့ချနိုင်ခြင်းနှင့် အခွင့်အထမ်းတောင်းများတို ပိုမိုတိုးတတ်စေနိုင်ခြင်းတို့အထွက် ဆုံးရှုံးနစ်နာနိုင်မှု အထားအထာများကို ရွေးချယ်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ တာဝန်ခံစီမံခန့်ခွဲမှုကို ထိထိရောက်ရောက် ထုပ်ဆောင်နိုင်ခြင်းဖြင့် ကုမ္ပဏီများ၊ ထင်သွင်းသူများ၊ ထင်ပို့သူများ၊ အကျိုးဆောင်များနှင့် ကုန်ပစ္စည်းအမျိုးအစားစသည် သတင်းအချက်အလက်များကို စုဆောင်း ထားရှိနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် အကောက်ခွန်ကြီးကြပ်မှုကို ဆက်ထက် ကိုန်းသိမ်းထားနိုင်ပြီး ထရားဝင်ကုန်သွယ်မှုကို ချောမွေ့စေမှာ ဖြစ်သည့်အထွက် အတွေ့အကြုံရှိ အကောက်ခွန် အဖွဲ့ အစည်းများထံမှ နည်းပညာအကူ အညီများလို အပ်ကြောင်း၊ ယခုတဲ့သို့ ဩစကြေးလျ အကောက်ခွန်ထံမှ သင်ကြားပို့ချမှု ထောက်ပံ့ပေးမှုများဆွေးနွေးမှုများနှင့် အတူ ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း" ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွင်က ပြောသည်။

"အခုဆိုရင်မြန်မာနိုင်ငံမှာတကယ် ထက်တွေ့ကြုံ တွေ့နေရပြီဖြစ်တဲ့ အကောက်ခွန်ဌာနရဲ့ အခက်အခဲ စိန်ခေါ်မှုတွေတို ကျွန်တော်တို့ အကောင်းဆုံးနားထည်တဲ့အတွက် ကျွန်ထော်ထို့ရဲ့ အကောက်ခွန်ဆိုင်ရာ တန်သွယ်မှုနည်းပညာရပ်တွေတို UN အဆင့်အတန်းမီ မြန်မာအကောက်ခွန်ကို ဝေမျှပေးသွားချင်တဲ့အထွက် အခုထို လာရောက်သင်ကြားဆွေးနွေးခြင်းဖြစ်ပါတယ်"ဟု ဩစတြေးလျ အကောက်ခွန်မှ Mr.Dale Furse တပြော သည်။

ယင်းအထုပ်ရုံဆွေးနွေးပွဲကို မေ ၅ ရက်နှင့် ၆ ရက် တွင် ဆူးထေရှန်ဂရီထာဟိုတယ်၌ပင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖြုထုပ်ခဲ့ကြောင်း သိရသည်။

သင့်သွေးဖြင့်အသက်ကယ်ပါ

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များ နေပြည်တော် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၆

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်တျောင်းသား တျောင်းသူများ တွေ့ဆုံပွဲသို့ ထက်ရောက်ရန် ပုဂံအပန်းဖြေစခန်းမှ အဌမထန်းဘက်စုံထူးချွန်လူငယ်များနှင့် အင်းလေးစခန်းမှ နဝမထန်းဘက်စုံပညာထူးချွန်လူငယ်များသည် ယမန်နေ့ ညပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိမြို့နယ် Gold Camp ရှိ ဘက်စုံပညာထူးချွန်ထူငယ်စုပေါင်းစခန်းသို့ ရောက်ရှိ ကြသည်။

အဆိုပါ ဘက်စုံပညာထူးချွန်ထူငယ်မောင်မယ်များသည် အုဝ်ချုဝ်သူဆရာ ဆရာမများနှင့်အထူ ယနေ့နံနက်ပိုင်းထွင် နေပြည်ထော်ရှိ ဥပ္ပါထသန္တိစေတီထော်မြတ်ကြီးသို့ သွားရောက်၍ စေတီထော်နှင့်ထိုက်ထော်အ ထွင်းကိန်းဝဝ်စံပယ်ထော်မူထျက်ရှိသည့် ဗုဒ္ဓရုဝ်ပွားထော်မြတ်များနှင့် ပုံထူပွားဗုဒ္ဓစွယ်ထော်မြထ်အား ဖူးမြော်ကြည်ညိုကုသိုထ်ပြုကြသည်။

ထိုနောက် ဇေယျာသီရိမြို့နယ်ရှိ ထပ်မတော်စစ်သမိုင်းပြထိုက်သို့ သွားရောက်ထေ့လာကြရာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မှက်တမ်းမှထ်ရာများနှင့် ကြည်း၊ ရေ၊ ထေ ထပ်မထော်၏ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုထေ့ထာမှတ်သားကြသည်။

ညနေပိုင်းတွင် ဘက်စုံပညာထူးချွန်ထူငယ်မောင်မယ်များသည် ကျောက်မျက်ရတနာပြတိုက်နှင့် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြပြီး ပျော်ရွှင်စွာ အပန်းဖြေအနားယူကြသည်။

ငွေဆောင်စခန်းမှ ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နေပြည်ထော် ဘက်စုံပညာထူးချွန်စုပေါင်းစခန်းသို့ ရောက်ရှိကြမည်ဖြစ်ပြီး မေထ ၇ ရက်တွက် သတ္တသတ္တာဟစေတီတော်၊ ထွတ်တော်နှင့်ဝဏ္ဏသိဒ္ဓိအားတစားတွင်းတို့သို့ သွားရောတ်ထေ့လာကြမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ထွင် ကျင်းပမည် ဘက်စုံပညာထူးချွန် တျောင်းသား တျောင်းသူများ ထွေ့ဆုံပွဲသို့ ထက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

သတင်းအချက်အလက်နည်းပညာသစ်များနှင့် ပေါင်းစပ် ခေတ်မီလုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်း

ရန်ကုန် မေ ၆

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြတ်ဟိန်းသည် မေ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်စာတိုက်ကြီး၌ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းကောင်တာ၊ ပြည်ပချောထုပ်တွက်ကောင်တာနှင့် ပြည်ပစာရွေးဌာနတို့၏ လုပ်ငန်းဆောင်ရွက်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စာတိုက်လုပ်ငန်းက ဇန်နဝါရီ ၁ ရက်မှစတင်ဆောင်ရွက်လျက်ရှိသည် Hometown Product Delivery လုပ်ငန်းသစ်နှင့် ဖေဖော်ဝါရီ ၃ ရက်မှစတင်အသုံးပြုခဲ့သော မြန်မာ့စာတိုက်လုပ်ငန်း အမှတ်တံဆိပ်ပါစာအိတ်များ၊ ဘူးခွံများဖြင့် စာနှင့် ပါဆယ်များ ပေးပို့နေမှုကိုလည်းကောင်း၊ မတ် ၃ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စာနှင့်ပါဆယ်များ ယနေ့ပို့ မနက်ဖြန်ရောက်၊ အိမ်တိုင်ရာရောက်ပေးဝေခြင်းလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် မြို့တော် ၁၇ မြို့ရှိ စာတိုက်ကြီးများ၏ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းတွင် ဧပြီ ၁ ရက်မှစ၍ သုံးစွဲသူပြည်သူများကို ပေးပို့သည့်စာများ လမ်းဆုံးရုံးသို့ရောက်ရှိမည့်ရက်များ အသိပေးကြေညာထားရှိသော CET (Critical Entry Time) ကြာမြင့်ချိန်ဇယားပါ ကြာမြင့်ရက်အတိုင်း စာနှင့် ပါဆယ်များရောက်ရှိပေးပို့ ပေးဝေနိုင်ရေးကို ဂရုပြုစောင့်ကြည့်ဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် ရန်ကုန်စာတိုက်ကြီး၊ ရန်ကင်းစာတိုက်၊ ဒဂုံစာတိုက်၊ ဗဟန်းစာတိုက်နှင့် ကမာရွတ်(တက္ကသိုလ်) စာတိုက်များမှ ဧပြီ ၁ ရက်မှစ၍ ဝန်ဆောင်မှုပေးလျက်ရှိသည် ပြည်တွင်းအမြန်ချောပို့လုပ်ငန်း ရန်ကုန်မြို့တွင်း နေ့ချင်းရောက်ပေးဝေစနစ် (Same Day Delivery) ၏ အခြေအနေများကိုကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စာတိုက်လုပ်ငန်း၏ ပန်ဆောင်မှုများကိုလာရောက်အသုံးပြုကြသည် ပြည်သူအချို့နှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် အဆင်ပြေ ချောမွေ့မှု ရှိ၊ မရှိ အခြေအနေများကို လည်းကောင်း၊ စာတိုက်ဝန်ထမ်းများ၏ ဆက်ဆံရေးအခြေအနေများကို လည်းကောင်း မေးမြန်းခဲ့သည်။ ဆက်လက်၍ ရန်ကုန်စာတိုက်ကြီးတွင် ဖွင့်လှစ်ထားရှိသည့် ကြေးနန်းကောင်တာသို့ ကြည့်ရှုစစ်ဆေးရာ အရာထမ်းတစ်ဦးက ဝန်ဆောင်မှုပေးလျက်ရှိသည် လုပ်ငန်းအမျိုးအစားများ၊ ကြေးနန်းရိုက်ကြားလိုသူသည် ကြေးနန်းကောင်တာများသို့ သွားရောက်ရန်မလိုဘဲ Online ချိတ်ဆက်နိုင်သည့် ပြည်တွင်း/ပြည်ပမည်သည့်နေရာဒေသမှမဆို ကြေးနန်းရိုက်ကြားနိုင်သည် Prepaid Card အသုံးပြုမှုများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ Prepaid Card များတွင်ကျယ်စွာအသုံးပြုလာနိုင်စေရေးအတွက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့စာတိုက်လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး လက်ရှိပန်ဆောင်မှုလုပ်ငန်းအပြင် ဝန်ဆောင်မှုအသစ်များ တိုးချဲ့ဆောင်ရွက်ပြီး စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ ကျေနပ်မှုရရှိလာစေနိုင်သည်အထိ ပန်ဆောင်မှုများပေးကြရန်လိုကြောင်း၊ စာပို့လုလင်များအနေဖြင့် စာဝေလုပ်ငန်းသည် အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ စာပေလုပ်ငန်းအတွက် အသုံးပြုသည့် မော်တော်ဆိုင်ကယ်များအား သတ်မှတ်ပတ်စုံများပတ်ဆင်၍ စည်းကမ်းတကျမောင်းနှင်ကြရန်လိုကြောင်း၊ စာဝေလုပ်ငန်းမှအပ အခြားကိစ္စများကို အသုံးမပြုစေလိုကြောင်း၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းခွင့်အား အခြားသူများမရရှိကြောင်း၊ စာတိုက်လုပ်ငန်းအတွက်သာ စီးနင်းခွင့်ပြုထားသည်ကို အလေးထား၍ မိမိလုပ်ငန်းကို ဂုဏ်ယူတတ်စေလိုကြောင်း၊ ပြည်သူလူထုယုံကြည်မှုရရှိရေးအတွက် မော်တော်ဆိုင်ကယ်များကို အကျိုးရှိရှိ အသုံးချစေလိုကြောင်းနှင့် စာပို့လုလင်မှအစ အတက်အဆင့်အသီးသီးတို အမှုထမ်း၊ အရာထမ်းများအားလုံး ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် တက်ညီလက်ညီ ပိုင်းပန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

တို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၌ တယ်လီဖုန်းစခါ ဆိုခများ ကောက်ခံသည် ငွေလက်ခံကောင်တာများကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းသုံးစွဲသူပြည်သူများ အဆင်ပြေစွာ ငွေပေးသွင်းနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တဏ္ဍာရေးနှစ်ချုပ်စာရင်းဆောင်ရွက်သည့် အထွေထွေလယ်ဂျာ ဌာနစိတ်များ၊ ငွေကြေးဌာနစိတ်နှင့် အစိုးရင်ခံစာပြုစုတင်ပြသည့်ဌာနစိတ်များမှ ဝန်တမ်းများနှင့် တွေ့ဆုံပြီး Manual ဖြင့် သမားရိုးကျဆောင်ရွက်နေခြင်းအစား ဝန်ထမ်းတိုင်း ကွန်ပျူတာအသုံးပြု၍ စာရင်းဇယားများ တိန်းသိမ်းထားရှိရန်နှင့် ခေတ်မီနည်းစနစ်ကျသည့် ကွန်ပျူတာစနစ်ကို တိုးမြှင့်အသုံးပြုရန် မှာကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည် Joint Operation Finance Team သို့ သွားရောက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်အခြေအနေများကို ဆွေးနွေး၍ ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ကြေးနန်းရုံးကြီးသို့ ရောက်ရှိပြီး e-Telegram လုပ်ငန်း၊ ပြည်တွင်း/ပြည်ပ ဖက်စ်လုပ်ငန်း၊ PAC လုပ်ငန်းတို့ ဝန်ဆောင်မှုပေးနေသည် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကြေးနန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် IT နည်းပညာသစ်များနှင့်ပေါင်းစပ်လျက် ခေတ်မီလုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးကြိုးပမ်းကြရန် မှာကြားသည်။ ထိုအပြင် ကြေးနန်းရုံးကြီးကောင်တာတွင် ဧပြီ ၂၈ ရက်မှ စတင်တိုးချဲ့ဆောင်ရွက်လျက်ရှိသည် အခြေအနေနှင့် MPT One Stop Service Show Room ပြင်ဆင်လျက်ရှိသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုမြို့နယ်၌ အပူချိန်မြင့်မား ကားလမ်းမတွင် ကတ္တရာစေးများ ပျော်ကျ

နောင်ချို မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ယခုအခါ အပူချိန်မြင့်မားနေသောကြောင့် မန္တလေး-လားရှိုးကားလမ်းမတစ်လျှောက်တို့တွင် ကတ္တရာစေးများ ပျော်ကျသဖြင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ သတိထားမောင်းနှင်နေကြရသည်။ ယခင်နှစ်ကထက် အပူချိန်မြင့်မားလာသည်ကို တွေ့ရသဖြင့် ဒေသခံပြည်သူများက အပူဒဏ်ကို ကာကွယ်နေကြရပြီး ရပ်ကွက်အတွင်း သောက်သုံးရေများ နည်းပါးလာကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)
"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးမှ (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာနှစ်အတွက် အများသုံးဆေးနှင့် ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် ဆေးကုမ္ပဏီအသီးသီးမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်နေ့ -၁-၅-၂၀၁၅ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်နေ့နှင့်အချိန် -၃၁-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)၊ ညနေ ၄း၀၀နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး (စီမံရေးရာ)ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၂-၇၇၆၁၄/၇၇၆၁၅

အမည်ပြောင်း
အဖ ဦးသော်မောင်မောင်တင်၏သား အမက(၆)၊ တောင်ဥက္ကလာပ၊ စတုတ္ထတန်းအောင်မှ မောင်ညဏ်မင်းတက်အား မောင်ညဏ်လင်းတက်သို့ ပြောင်း လဲခေါ်ဆိုပါရန်။
မောင်ညဏ်လင်းထက်

အမည်ပြောင်း
ကျိုက်လတ်မြို့၊ ဆည်မြောင်းဝင်းနေ အဖ ဦးခင်မောင်လှ[၉/ကလန(နိုင်) ၀၀၃၆၁၃]၏ သားဖြစ်သူ မောင်သီဟစိုးအား မောင်သီဟအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်သီဟအောင်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ဝန်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် သုံးပြုရန် လိုအပ်သော မော်တော်ယာဉ် တာယာ(DUNLOP)ဆိုဒ်စနှင့် မော်တော်ယာဉ်သုံး ဘက်တရီ(AK)အမျိုးအစား (၂၃)လုံးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၁-၅-၂၀၁၅ရက်၊ ညနေ ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရပါမည်။
၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာများတွင် ရုံးချိန်အတွင်း (၁)စောင်လျှင် ကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ဝန်ကြီးရုံး
ရုံးအမှတ်(၄၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၀၀၀၂

ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင် ၂၀၁၅-၂၀၁၇ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကမ္ဘာ့ဘဏ်၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာအက်ဇဲလ် ဗန်ထရော့ဇန်ဘာ့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သီတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် လူသားအရင်းအမြစ်နှင့် အားကောင်းသည့် အဖွဲ့အစည်းများဖြစ်ပေါ်လာစေရန် ရင်းနှီးမြှုပ်နှံခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် အားကောင်းသည့် ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးကူညီပေးခြင်းလုပ်ငန်းစဉ်များ ပါဝင်သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် ၂၀၁၅-၂၀၁၇ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ မစ္စတာ ဘိုးရစ်မိုက်ကယ် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၆

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ မစ္စတာဘိုးရစ်မိုက်ကယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့မွန်းလွဲ ၂ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့အကြား ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ကျောဖုံးမှ

အဆိုပါရည်မှန်းချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် မတ် ၂၅ ရက်က စတင်ခဲ့သည့် အမျိုးသားငါးနှစ်ပို့ကုန်မဟာဗျူဟာအပေါ် အခြေခံထားခြင်းဖြစ်သည်။ MGMA သည် အထည်ချုပ်ကဏ္ဍ ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ၂၀၁၃ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၄ ခုနှစ် အစောပိုင်းကာလများ၌ နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာန (ITC) တွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း MGMA စီမံကိန်းမန်နေဂျာ ဂျက်ကော့ဘ်ကလဲက ပြောကြားသည်။ အဆိုပါသတ်မှတ်ချက်မှာ လာမည့်ငါးနှစ်တာကာလအတွက် အထည်ချုပ်လုပ်ငန်း မဟာဗျူဟာနှင့် ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်မှတ်တမ်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ITC မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ပို့ကုန်မြင့်တက်လာသော်လည်း လက်ရှိဈေးကွက်အခြေအနေမှာ စိန်ခေါ်မှုရှိနေကြောင်း ဦးမြင့်စိုးက ဆက်လက်ပြောကြားသည်။ "အော်ဒါတွေကတော့ အဆက်မပြတ် ဝင်လာနေပါတယ်။ ဒါပေမယ့် ယူရိုငွေတန်ဖိုးကျဆင်းပြီး ဒေါ်လာဈေးမြင့်လို့ ဈေးနှုန်းတွေကတော့ မကောင်းပါဘူး။ ဒီဒဏ်ကို ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေလည်း သက်ရောက်မှုရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ ထုတ်လုပ်မှုစရိတ်နဲ့ သုံးစွဲမှုက ပုံမှန်မြင့်တက်နေပါတယ်"ဟု ၎င်းက ဆိုသည်။ ဥရောပသမဂ္ဂသို့ အထည်တင်ပို့မှုမှာ လစဉ်မြင့်တက်လာသော်လည်း မြန်မာအထည်ချုပ်လုပ်ငန်းမှာ အားယူ၍ ဈေးကွက်ဝေစုအနည်းငယ်သာရရှိထားသေးပြီး ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၆ သန်းဖိုးနှင့် အမေရိကန်ပြည်ထောင်စုသို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖိုး တင်ပို့နိုင်ခဲ့သည်။ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားသည်။

(သုတ)

ဒိုက်ဦးမြို့နယ်၌ ကြာအင်းချောင်းကူးတံတားဖွင့်

ဒိုက်ဦး မေ ၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖအောင်းစုကျေးရွာ ဖအောင်းစု ဆက်သွယ်ရေးလမ်းပေါ်ရှိ ကြာအင်းချောင်းကူးတံတားဖွင့်ပွဲကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါတံတားအား လွှတ်တော်ခွင့်ပြုငွေကျပ်သိန်း ၂၀၊ အလှူရှင် ဦးသိန်းနိုင်-ဒေါ်ဝေဝေအောင်၊ သမီး မအိပုလဲဖြူတို့က ငွေကျပ် သိန်း ၆၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၀၀၈ သိန်းကျော် စုစုပေါင်း ၁၈၈ သိန်းကျော်ဖြင့်ဆောက်လုပ်ခဲ့ပြီး အမြင့် ၁၃ ပေ၊ အကျယ် ၁၇ ပေနှင့် အလျားပေ ၅၀ ရှည်ကာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(IPRD)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည့်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၅-၂၀၁၅ ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး လေးဦးနှင့် ထုတ်ဝေလုပ်ငန်းသက်တမ်းတိုး ငါးဦး၊ ပေါင်းလုပ်ငန်း သက်တမ်းတိုး ကိုးဦးအားလည်းကောင်း၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ငါးဦး ပေါင်းလုပ်ငန်းအသစ် ရှစ်ဦးတို့အားလည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၇၉ ဦးနှင့် အသစ်လျှောက်ထားသူ ၁၆၀၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၃၈၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၀ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၄၅၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်တွင်းရေးရာ

●ကျော်ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် စီမံချက်ကြီး(၃)ခုဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားစွမ်းအင်စီမံချက်၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံချက်၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်များကို တာဝန်ခံဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး အတည်ပြုသွားရန်ဖြစ်ပါကြောင်း၊ စီမံချက်များရေးဆွဲရာတွင် အခြေပြုတွက်ချက်ထားသည့် စာရင်းအင်းကိန်းဂဏန်းများ၏ ယုံကြည်စိတ်ချရမှုနှင့် အရည်အသွေးပြည့်မီမှုကိုလည်း အလေးထားဆန်းစစ်ရမှာဖြစ်ပါကြောင်း၊ လက်ငင်းလတ်တလော တွေ့ကြုံနေရသည့် စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးရင်း အနာဂတ်အတွက် ခိုင်မာသည့်အခြေခံကောင်းများ ဖန်တီးပေးရန်ဖြစ်ပါကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ ပြန်ပြည့်မြဲစွမ်းအင်၊ ကျောက်မီးသွေး စသည့် အခြေခံစွမ်းအင်အရင်းအမြစ်များကို ဖြစ်နိုင်ခြေအရှိဆုံးနှင့် အကောင်းဆုံးပေါင်းစပ်မှုကို ပြုလုပ်ရာတွင် စွမ်းအင်လုံခြုံမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းပေါင်းစပ်မှုအားကောင်းသည့် စွမ်းအင်မူဝါဒနှင့် စီမံချက်များအဖြစ် တာဝန်ခံနိုင်ရေးအတွက် သင့်တော်ကောင်းမွန်သည့် ဖွဲ့စည်းမှုများပြုလုပ်သွားရန်ဖြစ်ပါကြောင်း၊ စွမ်းအင်ဆိုင်ရာဥပဒေ၊နည်းဥပဒေများ၊ ရေရှည်ထည့်တံ့ခိုင်မြဲမည့် ဘဏ္ဍာရေးဆိုင်ရာ မူဘောင်များ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်နိုင်မည့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှု မူဘောင်များကို ခိုင်မာစွာပြဋ္ဌာန်းပေးရန် လိုပါကြောင်း။

စွမ်းအင်စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ကာကွယ်မှုအစီအမံများကို ချမှတ်ပြီး လိုက်နာကျင့်သုံးသွားစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ချက်နှင့် မဟာဗျူဟာများတွင် အချိတ်အဆက်မိမိ ပေါင်းစည်းပေးသွားရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က စွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ဆောင်ရွက်ဆဲဖြစ်သည့် ကာလရှည်စွမ်းအင်ဆိုင်ရာ ဝင်မစီမံချက် ရေးဆွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာ ကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က သက်ဆိုင်ရာဌာနအလိုက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ စသည့် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော စီမံချက်များ၊ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း ရေးဆွဲခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာမစ္စတာချောင်ချီနိုက မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုရေးဆွဲလျက်ရှိသည့် ကာလရှည်စွမ်းအင်ဆိုင်ရာ ဝင်မစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့မှ တာဝန်ရှိသူများက စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်၊ ADB ဘဏ်မှ အကြံပေးပုဂ္ဂိုလ် ဦးစိုးမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်တို့က အနာဂတ် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ကော်မတီအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညွန့်လွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ(၀/၂၀၁၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နှင့် ဆားဘီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် မေ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံ၊ ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ General Rashad Mahmood နှင့် ဆားဘီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. Bratislav Gasic တို့၏ ဖိတ်ကြားချက်အရ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံနှင့် ဆားဘီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ehsan Ullah Batth နှင့်ဆားဘီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Miodrag Nikolin တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အဝေါ်ဝဲ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်တင်အောင်စန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ့တပ်မတော်အကြီးအကဲ တစ်ဦးအနေဖြင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံနှင့် ဆားဘီးယား သမ္မတနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်သော ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှု ၆၈ နှစ်ရှိပြီဖြစ်ကာ ဆားဘီးယားနိုင်ငံနှင့်လည်း ယူဂိုဆလားဘီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံဟောင်းမှ ဆားဘီးယားသမ္မတနိုင်ငံအဖြစ် အသွင်မကူးပြောင်းမီ နှစ် ၄၀ အသွင်ကူးပြောင်းပြီးနောက် ယနေ့အချိန်ထိ ၂၄ နှစ်၊ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုစုစုပေါင်း ၆၄နှစ် ရှိပြီဖြစ်သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နှစ်နိုင်ငံရှိ အစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ့တပ်မတော်နှင့် ပါကစ္စတန်တပ်မတော်၊ ဆားဘီးယားနိုင်ငံ တပ်မတော်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးပြီး အထင်ကရ နေရာများနှင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းများကို လေ့လာကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ စက်ဘီးစီးပြိုင်ပွဲတွင် မြန်မာပါဝင်ယှဉ်ပြိုင်မည်

ကွာလာလမ်ပူ မေ ၆

လာမည့်ဇွန်လတွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံအနေဖြင့် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးစီးအားကစားအဖွဲ့ချုပ်က မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံစက်ဘီးစီးအားကစားအဖွဲ့ချုပ်အနေဖြင့် လက်ရှိတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ တရုတ် စက်ဘီးစီးနည်းပြနှင့်အတူ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် စက်ဘီးစီးအားကစားသမားသုံးဦးကို လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး အဆိုပါရွေးချယ်ထားသည့် စက်ဘီးစီးအားကစားသမားသုံးဦးအပါအဝင် စုစုပေါင်း မြန်မာနိုင်ငံစက်ဘီးစီးအားကစားအဖွဲ့ချုပ်အနေဖြင့် စက်ဘီးစီးအားကစားသမား ကိုးဦးအထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ စက်ဘီးစီးပြိုင်ပွဲကို ဇွန် ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၈ ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးစက်ဘီးစီးအသင်းသည် ၂၀၁၃ ခုနှစ်အတွင်းက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်မူ ကြေးတံဆိပ်တစ်ခုသာလျှင် ရယူဆွတ်ခူးထားနိုင်ခဲ့သည်။

(နိုင်လင်းကြည်)

***

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၇-၅-၂၀၁၅(ကြာသပတေးနေ့)

စဉ်	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	စတင်ကျင်းပမည့်အချိန်	
၁။	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို(မဟာဂီတ) အဆို(မဟာဂီတ) အဆို(မဟာဂီတ)	ပါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၂။	စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အဆို(ကာလပေါ်) အဆို(ကာလပေါ်) အဆို(ကာလပေါ်)	ပါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၃။	မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက	ပါသနာရှင်(ပထမတန်း)(အမျိုးသား) ပါသနာရှင်(ပထမတန်း)(အမျိုးသမီး)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၄။	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)	အရေး(စာသားရေး/တေးသွားထည့်)	အဆင့်အားလုံး	နံနက်	၀၉း၀၀
၅။	သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) ပါသနာရှင်(ပထမတန်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသမီး)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၆။	စိုက်ပျိုးရေးတက္ကသိုလ် (ဝတ္တုမြားခန်းမ)	အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၇။	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(အိုးစည်) အတီး(အိုးစည်)	ပါသနာရှင်(ပထမတန်း) အဆင့်မြင့်ပညာ ပါသနာရှင်(ဒုတိယတန်း) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၈။	သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား) အတီး(စန္ဒရား)	ပါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀

ရက်စွဲ၊ ၈-၅-၂၀၁၅(သောကြာနေ့)

စဉ်	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	စတင်ကျင်းပမည့်အချိန်	
၁။	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို(မဟာဂီတ) အဆို(မဟာဂီတ)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၂။	စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အဆို(ကာလပေါ်) အဆို(ကာလပေါ်)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)(အမျိုးသမီး)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၃။	မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက အက	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသမီး)	နံနက် မွန်းလွဲ	၉း၀၀ ၁၃း၀၀
၄။	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)	အရေး(တေးသီချင်းထေ့ကျင့်) အရေး(တေးသီချင်းထေ့ကျင့်)	ပါသနာရှင်(ပထမတန်း) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)	နံနက် မွန်းလွဲ	၀၉း၀၀ ၀၃း၀၀
၅။	သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ(အမျိုးသား) ပါသနာရှင်(ပထမတန်း)(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၆။	စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)	အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)(အမျိုးသမီး) ပါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၇။	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒိုးပတ်) အတီး(ဒိုးပတ်)	ပါသနာရှင်(ပထမတန်း) အဆင့်မြင့်ပညာ ပါသနာရှင်(ဒုတိယတန်း) အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ၂၀ နှစ်အတွင်း)	နံနက် မွန်းလွဲ	၀၉း၀၀ ၁၃း၀၀
၈။	သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်)	အတီး(စန္ဒရား) အတီး(စန္ဒရား) အတီး(စန္ဒရား)	ပါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)	နံနက် မွန်းလွဲ	၀၉း၀၀ ၀၃း၀၀

ပြင်ဦးလွင် ကင်းထောက်စခန်းသိမ်း ဗမောင်မယ်များ လောက်ကိုင်ဒေသ၌ တာဝန်ကျတပ်မတော်သားများအတွက် အလှူငွေပေးအပ်

ပြင်ဦးလွင် မေ ၆

ပြင်ဦးလွင်မြို့တွင် မေ ၁ ရက်မှ ၅ ရက်အထိ တတိယအကြိမ်စခန်းသိမ်းအောင်ပွဲပြီးနောက် လောက်ကိုင်ရှေ့တန်းရောက် တပ်မတော်သားများ ကျန်းမာရေးအတွက် ပြင်ဦးလွင်ဆေးရုံသို့သွားရောက်လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် တင်းထောက်မောင်မယ်များနှင့် ကင်းထောက်ကော်မတီမှ စုပေါင်းပြီး လောက်ကိုင်ဒေသရှေ့တန်းတွင် အသက်သွေးချွေးဝေးဆက်ကာ မိသားစုနှင့်အတူ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် အလှူငွေကျပ် ၁၆၁၈၄၀၀ ကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ထပ်မထော် စစ်ဆေးရုံ၌ မြန်မာနိုင်ငံကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်က ကော်မတီ ဥက္ကဋ္ဌကိုယ်စား လှူဒါန်းခဲ့ရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်ချုပ်မြင့်မော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ကင်းထောက်မောင် ၃၆၀နှင့် ကင်းထောက်မယ် ၃၆၀၊ အုပ်ချုပ်သူ ဆရာ ၆၀၊ ဆရာမ ၆၀ တို့နှင့် ကင်းထောက်ကြီးများ၏ လှူဒါန်းမှုအတွက် တပ်နယ်မှူး ဗိုလ်ချုပ်မြင့်မော်က ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

(သန့်ဇင်ဝင်း)

အသိပေးနှိုးဆော်ချက်

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆဋ္ဌမအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အထိမ်းအမှတ်ပွဲများအား ကျင်းပလျက်ရှိရာ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားအား မေ ၈ ရက်မှ ၁၀ရက်အထိ ပြည်သူ့ဥယျာဉ်၊ အမှတ်(၂)စကိတ်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ**

မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတဇာတ်လမ်းတွဲများ တင်ဆက်တော့မည်

ရန်ကုန် မေ ၆

လူမှုရေးအကျင့်ပျက်မှုများကြောင့် ဘဝများဝျက်စီးကြရသည် အဖြစ်အဝျက်များကို တင်ဆက်ပြသပေးမည့် အိမ်တွင်းရေးပြဿနာဇာတ်လမ်းနှင့် ဟာသဇာတ်လမ်းတွဲ၊ ရုပ်သံလွှင့်ဌာနတစ်ခု၏ နောက်ကွယ်က အခက်အခဲများအကြောင်းကို အခြေခံကာ ရသစုံလင်စွာဖြင့် အများပြည်သူတို့ ကြည့်ရှုခံစားနိုင်စေရန်အတွက် မြန်မာ့ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment)တို့မှ ပူးပေါင်းတင်ဆက်မည့် ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ဇာတ်လမ်းတွဲများ၊ အစီအစဉ်များ စီစဉ်တင်ဆက်မည့် အနုပညာရှင်များနှင့် တွေ့ဆုံခဲ့သည်။

မြန်မာ့ရုပ်ရှင်သီချင်းများသည် ရုပ်ရှင်လောက ကနဦးအစမှ ယနေ့ခေတ်ရုပ်ရှင်လောကတိုင်အောင် ခေတ်တစ်ခေတ်အပိုင်းအခြား ပြည်သူတို့နှုတ်ဖျားမှာ တမ်းတမ်းတတ ဖြစ်ခဲ့ရသည်။ ထို့ကြောင့်ဝင် ဝရိသတ်တို့ တမ်းတခဲ့ရသော ရုပ်ရှင်သီချင်းများ အကြောင်းကို ဦးအောင်လွင် စီစဉ်ပြီး ဒါရိုက်တာအောင်ပြတ်သူက ရိုက်ကူးတင်ဆက်ပြသမည် ဖြစ်သည်။

ယခုဇာတ်လမ်းတွဲတွင် တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်သီချင်းများကို စီစဉ်သူ ဦးအောင်လွင်က "၁၉၂၀ ခုနှစ်ကစခဲ့တဲ့ မြန်မာ့ရုပ်ရှင်လောကဟာ နောက်ထပ်ငါးနှစ်ဆိုရင် နှစ်တစ်ရာ ပြည့်တော့မယ်။ အဲဒီကာလမှာ မြန်မာ့ရုပ်ရှင်ဟာ ဇာတ်သဘင်လောကကနေ စီးဆင်းလာတဲ့ ရေစီးကြောင်းဖြစ်တဲ့အတွက် သူတို့မှာ အမြတ်တမ်းသီချင်းဆိုတာကို ဘိုးစဉ်ဘောင်ဆက် သုံးခဲ့ကြတယ်။ အဲဒီသီချင်းတွေဟာ ဟိုရှေးခေတ်က အနေအထားတစ်ခုအရ အရုပ်နဲ့ မှတ်တမ်းမတင်ခဲ့နိုင်ဘူး။ ဒီနေ့ရုပ်မြင်သံကြားပေါ်နေတဲ့အတွက် အဲဒီသီချင်းတွေဟာ စာအုပ်နဲ့တိတ်ခွေတွေထဲမှာ ကျန်တယ်။ အဲဒီအခါကျတော့ မည်သူက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဒါတွေကို နှစ်တစ်ရာပြည့်တဲ့အချိန်မှာ မြန်မာ့ရုပ်ရှင်လောကဟာ သီချင်းပေါင်းများစွာကို အခုလိုဖြတ်သန်းခဲ့ပါတယ်၊ အဆိုတော်တွေ ကောင်းခဲ့ပါတယ်၊ တီးတဲ့၊ မှုတ်တဲ့၊ ရေးစပ်တဲ့သူတွေ ကောင်းခဲ့ပါတယ် ဆိုတာကို မှတ်တမ်းအဖြစ် ထားချင်တဲ့အတွက် ဒီဇာတ်လမ်းကို ရိုက်ပါတယ်။ အနည်းဆုံးတော့ သီချင်းအပုဒ် တစ်ရာမှန်းထားပါတယ်။ အမှန်တော့ ဒီထက်ပိုပါတယ်။ အားပေးတဲ့လူရှိရင်တော့ ဒီထက်ပိုလုပ်နိုင်မှာပါ။ လာမယ့်ဇူလိုင်လမှာ တစ်ပတ်ကို သုံးပုဒ်နှုန်းနဲ့ ပြသသွားဖို့ ကြိုးစားထားပါတယ်"ဟု ပြောသည်။

ထို့အပြင် ပရိသတ်များ ထိမ်ကြည့်ရှုခံစားရမည် ဇာတ်လမ်းမှာ မြန်မာပြည်မှ ကျိုကျိုတက်ချမ်းသာသည် လုပ်ငန်းရှင်ကြီးတစ်ယောက် ငယ်စဉ်ဘဝတွင် အခက်အခဲများစွာနှင့်ရုန်းကန်ခဲ့ရပြီး လူချမ်းသာတစ်ယောက်ဖြစ်လာအောင် ကြိုးစားခဲ့ပုံ၊ သို့သော်လည်း လူမှုရေးအကျင့်ပျက်မှုများ၊ စီးပွားရေးလောဘဇောတိုက်မှုများ၊ အတိုင်းအဆမရှိ ငွေကြေးချမ်းသာမှုများ အားကိုးကာ စိတ်ထင်တိုင်းကြမှုများကြောင့် မိသားစုများကြား ဘဝများပျက်စီးခဲ့ရပုံကို ပညာပေးရုပ်သံဇာတ်လမ်းတွဲအဖြစ် သရုပ်ဆောင် နိုင်နိုင်း၊ သဉ္ဇာဝင့်ကျော်၊ ဦးအောင်လွင်၊ ရမွန်နှင့် Home Arts သင်တန်းသားများက ဝါဝင်သရုပ်ဆောင်ထားပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း မယ်မင်းဝံ့ရေးသားကာ ဒါရိုက်တာ ဟိန်းစိုးက ရိုက်ကူးတင်ဆက်ပေးသွားမည်ဖြစ်သည်။ ယင်းဇာတ်ကားကို တစ်ပိုင်းလျှင် မိနစ် ၄၀ နှင့် အပိုင်း ၁၅ ပိုင်းဖြင့် ဩဂုတ်လဆန်းမှစတင်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းအစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်တို့တွင် တစ်ပတ်လျှင် တစ်ကြိမ် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ဩဂုတ်လတွင် ထုတ်လွှင့်ပြသပေးမည့် ဇာတ်လမ်းတစ်ပုဒ်တွင် ဦးအောင်လွင်၊ အရိုင်း၊ ငှက်ပျောကျော်၊ ညောင်ညောင်၊ ရန်ဝိုင်စိုးနှင့် Home Arts သင်တန်းသားများက သရုပ်ဆောင်ထားပြီး ဇာတ်လမ်းမောင်သူရ၊ ဇာတ်ညွှန်း သူရသာဝါ၊ ဆူးခက်မင်း၊ ချမ်းထက်ဟန် ရေးသားကာ ဒါရိုက်တာဟိန်းစိုးနှင့် မောင်သူရ ရိုက်ကူးတင်ဆက်မည့် Channel Zero ရုပ်သံဇာတ်လမ်းတွဲကို အပိုင်း ၁၂ ပိုင်းဖြင့် တစ်ပိုင်းလျှင် မိနစ်လေးဆယ် တစ်ပတ်လျှင် တစ်ကြိမ်ဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်လမ်းအကြောင်းအရာနှင့်ပတ်သက်ပြီး ဒါရိုက်တာဟိန်းစိုးက "ရုပ်သံတစ်ခုထဲမှာ လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေရဲ့ အတွင်းရေးပြဿနာတွေ၊ သရုပ်ဆောင်များနဲ့အမှားအယွင်းဖြစ်ခဲ့တာတွေ၊ ကြော်ငြာဌာန အမှားအယွင်းဖြစ်တာတွေ၊ MD နဲ့ ပြောကြရင်း၊ ဆိုကြရင်း မှားကြတာတွေ၊ ဝရိဂျူဆာတွေနဲ့ သတ်ကြတာ၊ ညီညွတ်မှုမရှိတာတွေ၊ သတင်းကြေညာသူတွေ၊ ကင်မရာမန်းတွေ အဲဒီအတွင်းထဲမှာရှိနေတဲ့ ပြဿနာလေးတွေကို ရယ်စရာလည်းပါတယ်။ သံယောဇဉ်ဖြစ်စရာလေးတွေ၊ ရင်ထဲက ခံစားရတာလေးတွေကို ဖျော်စရာ ဇာတ်လမ်းလေးအဖြစ် ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်ပြီး မြန်မာ့သုခမအနုပညာ၏အငြိမ့်ခေတ် ၁၄ ခေတ်ဖြစ်သည့် အငြိမ့်ခေတ်ဦး၊ လူရွှင်တော်စပေါ်သည်အကြောင်း၊ ဦးချစ်ဖွယ် ဒေါ်စိန် သုံးခေတ်၊ မြခြေကျင်း၊ မငွေမြိုင်ခေတ်၊ လေဘာတီ မမြရင်ခေတ်၊ ဒဂုံခင်လှကြည်ခေတ်၊ ဂီတမယ် လှကလေးစိန်ခေတ်၊ ယုဇနီ ရွှေမန်းဆီ ခေတ်၊ ဩဘာသောင်းခေတ်၊ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းခေတ်၊ ဝင်းဝင်းအေးခေတ်၊ ရုပ်မြင်သံကြားအငြိမ့်ခေတ်နှင့် ယခုခေတ်အငြိမ့်သဘင်များအကြောင်းတို့ကို အပိုင်း ၁၄ ပိုင်းဖြင့် ဇူလိုင်လဆန်းမှစတင်ကာ တစ်ပတ်လျှင် တစ်ကြိမ်၊ တစ်ပိုင်းလျှင် မိနစ် ၄၀ မှ ၆၀ တွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း စီစဉ်သူ ဦးဇာဂနာက "မြန်မာ့ရုပ်မြင်သံကြားကို ၁၉၈၀ ခုနှစ် မြန်မာနိုင်ငံမှာ စမ်းသပ်ထုတ်လွှင့်တဲ့ကာလကတည်းက ကျွန်တော်တို့ဟာ လူပြက်တွေအဖြစ်နဲ့ ကခဲ့ကြတာပါ။ ၁၉၈၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ မြန်မာတစ်နိုင်ငံလုံးကို ရုပ်မြင်သံကြားအစီအစဉ်ပြီးတော့ ထုတ်လွှင့်လိုက်တာနဲ့ ဒီနေ့ညမှာ တစ်နိုင်ငံလုံးကြည့်လိုက်ရတဲ့အငြိမ့်က မိုးနတ်သူဇာအငြိမ့်ပါ။ မင်းသမီးက သီတာဝင်းနဲ့ ကျွန်တော်တို့အဝ်စု ကခဲ့ကြတာပါ။ ဒါကြောင့် ကျွန်တော်၊ အရိုင်း၊ ငှက်ပျောကြော်တို့ဟာ မြန်မာ့ရုပ်မြင်သံကြားက မွေးထုတ်ပေးလိုက်တဲ့ သားတွေပါ။ ကျွန်တော်တို့ရဲ့ မိခင်ဌာနက ရုပ်မြင်သံကြားပါ။ တကယ်တမ်းပြောရရင် ရုပ်မြင်သံကြားကြောင့် လူဖြစ်လာခဲ့ရတဲ့ ကျွန်တော်တို့က ကိုယ့်မိခင်ဌာနကို ကျေးဇူးပြုတဲ့အနေနဲ့၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီအစီအစဉ်တွေလုပ်တာပါ။ ပြီးတော့ ကျွန်တော်က အငြိမ့်သမားဖြစ်တဲ့အတွက် အငြိမ့်ကို ဦးစားပေးပြီး တင်ဆက်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားမှာ ၁၉၈၃ ခုနှစ်ကတည်းက ခေတ်ငါးခေတ်အငြိမ့်ဆိုပြီး ကခဲ့တဲ့အချိန်ကတည်းက သမိုင်းကြောင်းကို စနစ်တကျ သုတေသနပြုခဲ့ပါတယ်။ ဒါကြောင့် မြန်မာ့အငြိမ့်သဘင် ဘယ်ကစခဲ့လဲဆိုတာ အထူးသဖြင့် လူငယ်တွေအတွက် တင်ဆက်ပြသသွားမှာပါ" ဟု ပြောကြားသည်။

အဆိုပါအငြိမ့်သဘင်တွင် နန်းခင်မွေ့၊ ချောစုမျိုး၊ ရွှေရည်ဝင်း၊ စန်းနီလာဝင်း၊ ဝါဝါလိုင်၊ မေသော်ချစ်၊ သပြေထွန်း၊ ဝမ်းကေဇင်၊ ဟိန်းသန္တာစိုး၊ ဆောင်းဝတီ၊ ဝင်းမော်ဦးနှင့် လူရွှင်တော်များစွာ ဝါဝင်ကြသည်။ ယင်းအစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် Home တို့မှ ပူးပေါင်း၍ ပထမအကြိမ်အဖြစ် ရိုက်ကူးတင်ဆက်ခြင်းဖြစ်သည်။

(ခင်ဇာလီ)

ဦးဇာဂနာ

ဒါရိုက်တာဟိန်းစိုး

ဦးအောင်လွင်

ယာဉ်ရပ်နားရန် နေရာထောက်ခံချက်ပါရှိမှ ယာဉ်တင်သွင်းခွင့်ပြု သုံးလအတွင်း ရန်ကုန်မြို့သို့ ယာဉ်အစီးရေ ၅၀၀၀ ဝန်းကျင်သာ ဝင်ရောက်

ရန်ကုန် မေ ၆

ရန်ကုန်မြို့တွင် မော်တော်ယာဉ်ရပ်နားရန် နေရာထောက်ခံချက်ပါရှိမှ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခဲ့သည့် သုံးလအတွင်း ယာဉ်အသစ်တင်သွင်းမှု လျော့ကျခဲ့ပြီး အစီးရေ ၅၀၀၀ ဝန်းကျင်သာ ဝင်ရောက်မှုရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေး ဒေါက်တာမောင်အောင်က ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီထူထောင်ခြင်းနှင့် ရှယ်ယာရှင်များ ဖိတ်ခေါ်ဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံတွင် ယာဉ်အစီးရေ အများဆုံးတည်ရှိသော စီးပွားရေးမြို့တော်ဖြစ်ပြီး တစ်နိုင်ငံလုံးယာဉ်အစီးရေ၏ တက်ဝက်ကျော်ခန့်မှာ ရန်ကုန်မြို့တွင် တည်ရှိနေသည်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမည်ဆိုပါက မော်တော်ယာဉ်ရပ်နားရန် ထောက်ခံချက်ပါရှိမှ ယာဉ်တင်သွင်းခွင့်ပြုခြင်းကို ယခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ယာဉ်ကြောရှုပ်ထွေးမှုများနှင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့နေမှုများကြောင့် ရန်ကုန်မြို့သို့ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းကို ကန့်သတ်ခဲ့ပြီး မော်တော်ယာဉ်ရပ်နားနေရာထောက်ခံချက်ပါရှိမှသာ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခဲ့ရာ ယာဉ်တင်သွင်းမှုလျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။ ယင်းစနစ်ကို စတင်ခဲ့သည် ဇန်နဝါရီလမှ မတ်လအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သုံးလအတွင်း ရန်ကုန်မြို့သို့ ယာဉ်အစီးရေ ၅၀၀၀ ဝန်ကျင်းခန့်သာ ဝင်ရောက်မှုရှိခဲ့သည်ဟု ဒေါက်တာမောင်အောင်က ပြောကြားခဲ့သည်။

"ရန်ကုန်မြို့မှာ ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်ပေါ်နေတော့ ဒါနဲ့ပတ်သက်ပြီး ဖြေရှင်းမှုတွေလည်း ဆောင်ရွက်နေပါတယ်။ နောက်ပြီး ရန်ကုန်မှာ ကားများနေတော့ ပြည်ပကနေ ကားတင်သွင်းမှုကိုလည်း ကားဝါကင်ရှိမှ ယာဉ်တင်သွင်းခွင့်ပြုမယ်လို့ ဆောင်ရွက်လိုက်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ပြီး နောက်မှာ စီးပွားကူးသန်းရဲ့စာရင်းအရ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် သုံးလအတွင်းမှာ ရန်ကုန်ကို ကားအစီးရေ ၅၀၀၀ လောက်သာ ဝင်ရောက်မှုရှိခဲ့ပါတယ်။ အရင်က အစီးရေ ၁၅၀၀၀၊ ၂၀၀၀၀ လောက် ဝင်ရောက်ခဲ့ရာကနေ အခုဆိုရင် ကားဝါကင်နေရာရှိမှ ကားတင်သွင်းခွင့်ပြုခဲ့တဲ့အတွက် အစီးရေ ၅၀၀၀ လောက်ပဲ ရှိပါတော့တယ်။ နောက်ပိုင်းမှာ အများပြည်သူသယ်ယူပို့ဆောင်ရေး အမြန်ဘတ်စ်ကားလိုင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဘတ်စ်ကားလိုင်းတွေလိုဖြစ်အောင် ဆောင်ရွက်မယ်ဆိုရင် ကိုယ်ပိုင်ယာဉ်သုံးစွဲမှုတွေကိုလည်း လျော့ချနိုင်မှာဖြစ်ပါတယ်" ဟု ဒေါက်တာမောင်အောင်က သုံးသပ်ပြောကြားခဲ့သည်။

မော်တော်ယာဉ်ရပ်နားရန်နေရာရှိမှ မော်တော်ယာဉ်တင်သွင်းခွင့်ပြုသည့်စနစ် ထိရောက်မှုရှိသော်လည်း ယင်းစနစ်ကန့်သတ်လိုက်သည် နောက်ပိုင်းတွင် ကျရိပ်ပြခဲ့သည့် မော်တော်ယာဉ်ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့သည်ဟု သိရသည်။

"သူများနိုင်ငံမှာက ကားသစ်တစ်စီးဈေးက ဘယ်လောက်မှ မရှိပါဘူး။ တခြား ကားရပ်နားခ၊ အာမခံနဲ့ အခွန်အခတွေက ဈေးမြင့်တာ၊ သူတို့နိုင်ငံမှာ မြို့ပြပို့ဆောင်ရေးတွေက ကောင်းတော့ ဘတ်စ်ကား၊ ရထားတွေပဲ အားထားစီးတယ်။ ကားဝယ်စီးနိုင်တာတောင် ဝန်ထုပ်ဝန်ပိုးဖြစ်လို့ မစီးကြဘူး။ ဒီမှာကတော့ မြို့ပြပို့ဆောင်ရေးကလည်း မကောင်းဘူး။ ကားဈေးကလည်း သူများနိုင်ငံမှာ သုံးပြီးသား တစ်ပတ်ရစ်ကားဈေးက ကားသစ်ဈေးထက်တောင် များသေးတယ်။ ကားပိတ်တယ်ဆိုတာကလည်း ဘန်ကောက်လိုနေရာမှာ ကားအစီးရေ သန်းနဲ့ချီပြီးရှိလို့ပိတ်တာပါ။ ရန်ကုန်က ကားအစီးရေ သိန်းဂဏန်းမှ နည်းပါသေးတယ်။ လမ်းဘေးရပ်တာတွေ၊ စည်းကမ်းမဲ့တာတွေ၊ ဈေးရောင်းနေတာတွေ၊ လူတွေက လမ်းပေါ်လျှောက်နေရတာတွေ၊ မီးပွိုင့်စနစ်တွေ မချိတ်ဆက်နိုင်သေးတာတွေ၊ မီးပွိုင့်လမ်းဆုံဝတ်ဝန်းကျင်မှာ ကားမှတ်တိုင်တွေ ရှိနေတာတွေ၊ တစ်ကိုယ်ကောင်းဆန် ရပ်ချင်သလိုရပ်၊ မောင်းချင်သလို မောင်းနေတာတွေကြောင့် ကားပိုပိတ်နေတာပါ။ တကယ်တမ်းတော့ ရန်ကုန်အဝါအဝင် အမြို့မြို့အနယ်နယ်တွေအတွက် ကားသစ်တွေတင်သွင်းဖို့ လိုအပ်နေပါသေးတယ်။ အခု မြန်မာနိုင်ငံကို ခရီးသွားအလွန်များလာတဲ့အခါ ကောင်းမွန်တဲ့ အဆင့်မီဝန်ဆောင်မှုပေးနိုင်ဖို့ဆိုတာ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ သန့်စင်ခန်းတွေတင်မကဘူး မော်တော်ယာဉ်တွေလည်း ကောင်းမွန်ဖို့လိုအပ်ပါတယ်။ ကားအသစ်တင်သွင်းမှုကို အားပေးသင့်တယ်။ အခွန်လျှော့ပေးသင့်ပါတယ်"ဟု ရန်ကုန်မြို့ခံ မြို့ပြအင်ဂျင်နီယာတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒအပြောင်းအလဲများကြောင့် ကားတင်သွင်းမှုများပြားလာခဲ့ပြီး အထူးသဖြင့် ရန်ကုန်မြို့တွင်သာ ပိုမိုများပြားခဲ့သည်။ မော်တော်ယာဉ်လိုအပ်ချက်များစွာရှိနေသော်လည်း အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အားနည်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေရပြီး လက်ရှိတွင် အစိုးရမှ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီထူထောင်၍ မြို့ပြသယ်ယူပို့ဆောင်ရေးကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မီးပွိုင့်စနစ်များ အဆင့်မြှင့်တင်ခြင်းနှင့် ခုံးကျော်တံတားများ တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၀)

ကျောက်ဆည်- မြစ်သား မြို့ချင်းဆက်တံတားများ ဆောင်ရွက်ပြီးစီး၍ သွားလာမှု အဆင်ပြေချောမွေ့

ကျောက်ဆည် မေ ၆

ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့ကို ဆက်သွယ်ထားသည် တံတိုး-မင်းစု- မြစ်သားလမ်းပေါ်ရှိ တံတားများအား သစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ လမ်းအသုံးပြုသူများအနေဖြင့် အဆင်ပြေချောမွေ့စွာ ကျေးရွာများမှ လယ်ယာထွက်ကုန်နှင့် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့ ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူလာကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုင်တိုင် (၁/၅) နှင့် (၁/၆)ကြားရှိ ကွမ်းဆေးမြောင်းကိုဖြတ်သည့် တံတားအမှတ်(၂/၂)အား ငွေကျပ်သန်း ၁၉ ဒသမ ၂ သန်းဖြင့် အရှည် ၆၀ ၃၀၊ အကျယ် ၂၄ ပေအဖြစ်လည်းကောင်း၊ မိုင်တိုင် (၅/၁) နှင့် (၅/၂) ကြားရှိ နွားတက်မြောင်း(ခွဲ)ကို ဖြတ်သည် တံတားအမှတ်(၁/၆)အား ငွေကျပ် ၁၄ ဒသမ ၆၂၅ သန်းဖြင့် အရှည် ၁၅၀၊ အကျယ် ၂၄ ပေအဖြစ်လည်းကောင်း၊ မိုင်တိုင် (၆/၀) နှင့် (၆/၁) ကြားရှိ စိုက်ပျိုးရေထုတ်မြောင်းဖြတ်သည် တံတားအမှတ် (၁/၇) အား ငွေကျပ်ကိုးသန်းဖြင့်လည်းကောင်း၊ မိုင်တိုင် (၇/၀) နှင့် (၇/၁) ကြားရှိ ခွေးရိုးမြောင်းဖြတ်သည် တံတားအမှတ် (၁/၈)အား ငွေကျပ်သန်း ၁၄ ဒသမ ၆၃ သန်းဖြင့် အရှည် ၁၅ ပေ၊ အကျယ် ၂၄ ပေအဖြစ်လည်းကောင်း၊ မိုင်တိုင်(၈/၆) နှင့် (၈/၇)ကြားရှိ ထုံးကလေးမြောင်းဖြတ်သည် တံတားအမှတ် (၈/၉) အား ငွေကျပ်သန်း ၂၉ ဒသမ ၂ သန်းဖြင့် အရှည် ၀၃၀၊ အကျယ်၂၄ပေ အဖြစ်လည်းကောင်း တံတားငါးစင်းကို ငွေကျပ်သန်းပေါင်း ၉၆ ဒသမ ၆၅၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်-မြစ်သား မြို့ချင်းဆက်လမ်းသည် ၁၂ ဒသမ၂ မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ၁၀ ဒသမ ၆ မိုင် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျောက်ဆည်မြို့နယ်ဘက်ခြမ်းသည် မိုင်တိုင်(၁/၄)မှ (၉/၁၀) အထိရှိကာ အဆိုပါလမ်းပိုင်းတွင် သံကူကွန်ရစ်တံတား ၄၁ စင်း နှင့် ရေပြွန် ၂၀ ခုရှိကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးမှ ဦးစီးအရာရှိ ဉီးကျော်မင်းဉီး၏ပြောကြားချက်အရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

နီပေါလျှင်အတွက် အမေရိကန်ဒေါ်လာ ဇသောင်းကျော်လှူဒါန်းတဲ့ လီမင်ဟို

တောင်ကိုရီးယား နာမည်ကျော် မင်းသားလီမင်ဟိုသည် မကြာသေးမီက နီပေါနိုင်ငံ၌ ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ခံစားနေရသူများအတွက် ကိုရီးယားဝမ်သန်း ၁၀၀၊ အမေရိကန်ဒေါ်လာ ကိုးသောင်း နှစ်ထောင်ငါးရာကို လှူဒါန်းခဲ့သည်။

အဆိုပါ နီပေါငလျင်သည် ဧပြီ ၂၅ ရက်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ ငလျင်ဒဏ်ကြောင့် လူပေါင်း ခုနစ်ထောင်ကျော် သေဆုံးခဲ့ပြီး တစ်သောင်း လေးထောင်ကျော် လီခိုက်ဒဏ်ရာရခဲ့သည်။

လီသည် ယင်းလှူဒါန်းမှုကို သူ၏ ဖန်ကလပ် Minoz အောက်တွင်မှတ်ပုံတင် ထားသော ကိုရီးယား ယူနီဆက်မှတစ်ဆင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ သူသည် ၂၀၀၉ ခုနှစ်ကလည်း မလေးရှားသို့ လှူဒါန်း ခဲ့ဖူးသည်။

[ခင်ခင်သက်]

ဆယ်ကျော်သက်အဆိုတော် သုံးဦးနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန် စာချုပ်ချုပ်ဆိုခဲ့တဲ့ ဘီယွန်စေး

အမေရိကန်နာမည်ကြီးအဆိုတော်ဘီယွန်စေးက သူနဲ့တွဲဖက်သီဆိုဖို့အတွက် ဆယ်ကျော်သက်အရွယ် မိန်းကလေးသုံးဦးကို ဒေါ်လာ ၁ ဒသမ ၅ သန်းတန် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒီအမျိုးသမီးငယ်လေး သုံးဦး စလုံးဟာ YouTube ကိုအခြေခံထားတဲ့ ဘီယွန်စေးပိုင် ပါခ်ဝုဒ်ဖျော်ဖြေရေးမှ ထုတ်လုပ်မည့် အယ်ဘမ်ခြောက် ချပ်စာ ငါးနှစ်စာချုပ်အတွက် ချုပ်ဆိုခဲ့တာပဲဖြစ်ပါတယ်။

လော့အိန်ဂျလိစ်မြို့မှာနေထိုင်တဲ့ အသက်(၁၇)နှစ် အရွယ် ချာလော့ဘိုင်လေနဲ့(၁၅)နှစ်အရွယ် ဟယ်လီဘိုင် လေညီမနှစ်ဦးအတွက် ဒေါ်လာတစ်သန်းသုံးစွဲပြီး စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဒီညီမနှစ်ဦးရဲ့ You Tube မှာတင်ထားတဲ့ Pretty Hurts က ဝင်ရောက် ကြည့်ရှုသူသန်းပေါင်းများစွာရဲ့ အာရုံကိုဆွဲဆောင် နိုင်ခဲ့လို့ American Idol မန်နေဂျာတွေက သတိပြုမိ ခဲ့ပြီး သူတို့နှစ်ဦးကို ဘီယွန်စေးဆီကိုခေါ်လာခဲ့တာဖြစ် ပါတယ်။

အသက်(၁၄)နှစ်အရွယ် ဆိုဖီဘားမ်ကကော့ ၂၀၁၂ မှာ The X Factor ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိပ်တန်းအဆင့်၄၀ကို ဝင်ရောက်ခဲ့သူဖြစ်ပါတယ်။ ဆိုဖီနဲ့ ပါခ်ဝုဒ်တို့ရဲ့ချုပ်ဆိုခဲ့တဲ့ စာချုပ်တန်ဖိုးက အမေရိကန်ဒေါ်လာ ၅၆၀၀၀၀ ဖြစ်ပါတယ်။ ဘီယွန်စေးဟာဂီတကို စီးပွားရေးဆန်ဆန်လုပ် ကိုင်ဖို့ထက် အရည်အချင်းရှိသူတွေကိုသာ မြေတောင်မြှောက်ပေးလိုတာကြောင့် ဒီစာချုပ် ကိုချုပ်ဆိုဖြစ်ခဲ့တာလို့ ဆိုပါတယ်။ [မေလှဲ့သင်း]

ကန်းထရီးအဆိုတော် စတေလာဆွစ် ရောင့်ပုံစံဖြင့် စတင်ဖျော်ဖြေ

အသက်အငယ်ဆုံး ဂရမ်မီဆုများရှင် တေလာဆွစ်သည် ကန်းထရီးသီချင်းများဖြင့် သူ၏ ဂီတဘဝကို စတင်ခဲ့သော်လည်း ၁၉၈၉ တေးစီးရီးကမ္ဘာလှည့်ဖျော်ဖြေပွဲပြုလုပ်စဉ် ဂျပန်နိုင်ငံ၌ We Are Never Ever Getting Back Together သီချင်းကို ခပ်ကြမ်းကြမ်းရော့ခ်ပုံစံဖြင့် သီဆို ဖျော်ဖြေခဲ့သည်။

တေလာသည် ကန်းထရီးသီချင်းများကိုသာ အစဉ်ကစိုက် သီဆိုလာခဲ့ကြရာမှ နောက်ဆုံး ထွက်ရှိထားသော ၁၉၈၉ တေးစီးရီးတွင် ပေါ့ပ်ဂီတဘက်ကို ကူးပြောင်းခဲ့ကာ ယခုကမ္ဘာလှည့် ဖျော်ဖြေပွဲ၌သာ ရော့ခ်သံစဉ်ကို စတင်ဖျော်ဖြေခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် တေလာသည် ဝတ်စားဆင်ယင်မှုအပိုင်း၌လည်း ယခင် သူ၏ ပုံစံများနှင့်မတူ တစ်မူကွဲပြားစွာ သားရေအကျီနှင့် ဘောင်းဘီရှည် အနက်ရောင်တို့ကို ဝတ်ဆင်ဖျော်ဖြေခဲ့သောကြောင့် ပန့်ခ်ဆန်ဆန် ဒီဇိုင်းဖြစ်နေသည်။ [ခင်ခင်သက်]

အသက်(၄၅)နှစ်မှာ လက်ထပ်တော့မယ့် ကေပေါ့စတား ပါ့ခ်ဂျွန်ယောင်း

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ g.o.d ခေါင်းဆောင်ပါ့ခ်ဂျွန်ယွန်းသည် သူ၏အင်စတာဂရမ် အကောင့်တွင် လက်ထပ်တော့မည်ဖြစ်ကြောင်း ပရိသတ်များအား ကြေညာခဲ့သည်။

အသက်(၄၅)နှစ်ရှိပြီဖြစ်သော ကိုရီးယား-အမေရိကန်အဆိုတော်နှင့် သရုပ်ဆောင်တစ်ဦး ဖြစ်သော ပါ့ခ်က" နောက်ဆုံးတော့ ကျွန်တော့်ဘဝလက်တွဲဖော်နဲ့ မကြာခင် ဆုံစည်းနိုင်ပါတော့မယ်။ နောက်လကစပြီး ကျွန်တော့်ရဲ့ကျန်ရှိနေတဲ့ ဘဝအစိတ်အပိုင်းတွေကို သူနဲ့ပဲ ဖြတ်ကျော်သွားမှာပါ။ ပရိသတ်ကြီးက လည်း ဝမ်းသာဂုဏ်ယူပေးကြပါ" ဟုသူ၏အကောင့်တွင်ဖော်ပြ ရေးသားထားသည်။ ပါ့ခ်သည် လာမည့်ဇွန် ၂၆ရက်တွင် လက်ထပ် မည်ဖြစ်ပြီး သူ၏ ဖူးစာဖက်နှင့်ပတ်သက်၍တစ်စုံတစ်ရာဖော်ပြထား ခြင်းမရှိသည့်အတွက် ပရိသတ်များက အဆိုပါမင်္ဂလာသတင်းကို အထူးစိတ်ဝင်စားလျက်ရှိသည်။ [ခင်ခင်သက်]

ရုပ်မြင်သံကြားအစီအစဉ်

7 - 5 -2015 (lumoyaw;ae)

မြဝတီ

၆း၀၃	တရားတော်	၅း၀၀	မြန်မာသံစဉ်ချိုနှားဝင်
၆း၂၀	မေတ္တာပို့	၅း၁၀	သာယာသီကြေးခေတ်ဆန်းတေး
၆း၂၅	ဓမ္မပူဇာတေး	၅း၂၀	မော်အနုပညာ
၆း၃၀	ကိုယ်လက်လှုပ်ရှားအားကစား	၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၆း၄၅	မျိုးချစ်တပ်မတော်		- အတိတ်ရဲ့ချစ်ခြင်း
၆း၅၅	မြန်မာသံစဉ်ချိုနှားဝင်		အပိုင်း(၃၆)
၇း၂၀	အမျိုးသားရေးတေးကဗျာ	၆း၀၅	ရင်ခုန်လှုပ်ရှားအားကစား
၈း၀၀	ရွှေဟောင်းသုတ	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၈း၂၅	DVD Hits		- ပန်းခူးသူဆူးစူးပါစေ
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ		အပိုင်း(၄၀)
၈း၅၅	လျှပ်တစ်ပြက်		- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
၄း၂၅	ချစ်သူစိတ်ထဲတွယ်ညှိ		- ယနေ့ညအတွက်မြဝတီ၏
၄း၄၀	ဇာတ်လမ်းတို		တေးလက်ဆောင်
၄း၄၅	ဦးစီးကျော်ကြားဒေး		ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၄း၅၀	မွေးမြူသုတ		- ဟိုတယ်ဘုရင် အပိုင်း(၃၀)

MRTV - 4

၅း၀၀	ပဋ္ဌာန်းပါဠိတော် +ဓမ္မသုတ်		(အပိုင်း-၃)
၈း၀၀	Cartoon Series	၇း၀၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	(Go Go Giggles)		"ဝိညာဉ်ရှိုက်သံ"
၈း၃၅	ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ		(အပိုင်း-၂၇)
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ	၈း၀၀	ရသစုံညွှန်းတမ်းများ
	"အိုအေစစ်ကမ္ဘာလေး"	၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	(အပိုင်း-၆၀)		"အိုအေစစ်ကမ္ဘာလေး"
၉း၄၀	အနုပညာမိုးကောင်းကင်		(အပိုင်း-၆၀)
၁၀း၀၅	ခေတ်သစ်ပျိုမေ	၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀း၅၀	(၄၀)ကြိမ်မြောက်		"ရာဇဝင်ထဲကရင်ခုန်သံ"
	အရှေ့တောင်အာရှ		(အပိုင်း-၂)
	ဂျပန်လူငယ်သင်္ဘောခရီးစဉ်	၉း၅၅	အနုပညာမိုးကောင်းကင်
၁၁း၀၀	Food & Decor	၁၀း၀၅	Education Talk
၁၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ		[မြန်မာစာအရေးအသားနှင့်
	"ရာဇဝင်ထဲကရင်ခုန်သံ"		ကွန်ပျူတာနည်းပညာ
	(အပိုင်း-၁)		(အပိုင်း-၁)]
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ	၁၁း၀၀	MRTV-4 Stage
	"ဝိညာဉ်ရှိုက်သံ"	၁၁း၂၅	World of Knowledge
	(အပိုင်း-၂၆)		(Banged Up Abroad
၂း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ		Daredevil Drug Runner)
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"	၂း၅၅	MRTV-4 Stage
	(အပိုင်း-၂)	၄း၀၅	World of Knowledge
၆း၀၀	Health Fix		(Air Crash Investigation :
၆း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ		Doomed to Fail)
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"		

mitv

- Myanmar Traditional Instruments - Myanma Harp (Episode-1)
- Chaung Tha Souvenir Business
- MURAL PAINTING BAGAN
- The Art of Sand Painting And Its Creater's life
- Wet Markets in Yangon: Thirimingalar Market
- Myanmar Weaving
- A Way of Life: Karate-do
- Colonial Buildings and a New Yangon
- History And Mystery Behind The Caves
- Sagaing: Pe Kwel Kone Nat Festival
- "Myanmar's Beauty and Nature" Beach
- Today Myanmar "New Comer; Swensen's (Ice Cream)"
- Tapestry- A Unique Combination Of Painting and Craftsmanship
- Young Talent "Animator Swan Thura Htun"
- Serene and Happy Rural Life in Myanmar
- Waso Charity Feast
- Natural Mineral Water
- The Mountain with antique stone sculptures & Mural Painting
- Myanmar Alternative Medicine (Aloe Vera)
- Chef Life "Oliver E Soe Thet"
- Monastery - Summer School
- Family of Toys
- Myanmar Agarwood

စီးရီးအေ ရင်ခုန်သံ (၁၅)

အီတလီစီးရီးအေပြိုင်ပွဲမှာ ဂျူဗင်တပ်က ချန်ပီယံဖြစ်သွားပြီ။ ဒါပေမယ့် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ဥရောပဝင်ခွင့်နေရာတွေကတော့ အဖြေထွက်ပေါ်ခြင်းမရှိ သေးပါဘူး။ ဒါကြောင့် အီတလီစီးရီးအေပြိုင်ပွဲဟာ လာဇီယို၊ ရိုးမား၊ နာပိုလီ၊ ဆမ်ဒိုးရီးယား၊ ဂျီနိုအာတို့ရဲ့ အားထုတ်မှုတွေနဲ့ ဆက်လက်အကြိတ်အနယ်ရှိမှာ သေချာပါတယ်။

ဖိုးမင်းမင်း

ဂျူဗင်တပ် VS ကယ်ဂလီယာရီ
ည ၁၀း၃၀(၉-၅-၁၅)

ချန်ပီယံဖြစ်သွားပြီဖြစ်တဲ့အတွက်ကြောင့် ဂျူဗင်တပ်တို့ ခြေကုန်ထုတ်ကစားလာဖို့ဆိုတာ မသေချာပါဘူး။ အထူးသဖြင့် ဂျူဗင်တပ်ဟာ ဒီပွဲကို ချန်ပီယံလိဂ် ဆီမီးပွဲစဉ်နှစ်ခုကြားမှာ ကစားရမှာဖြစ်တာကြောင့် ပွဲကိုထိန်းကစားသွားဖို့ရှိပါတယ်။ ကယ်ဂလီယာရီ ခြေအားနည်းပေမယ့် ဂျူဗင်တပ်နိုင်ရင်တောင် မပြတ်သားဘူး။

ဆီစီနာ VS ဆာစူအိုလို
ည ၇း၃၀(၁၀-၅-၁၅)

ဆီစီနာဟာ တန်းမဆင်းရဖို့ မျှော်လင့်ချက် အနည်းငယ်ရှိနေပါသေးတယ်။ ဒါကြောင့် အမှတ်ရရှိရေး အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိသလို ဆီစီနာရဲ့ အိမ်ကွင်းခံကစားအားကလည်း မဆိုးပါဘူး။ ဒါ့အပြင် ဆာစူအိုလိုကလည်း ခြေစွမ်းနဲ့အဝေးကွင်းစွမ်းဆောင်ရည် အားနည်းတာကြောင့် ဆီစီနာ သရေလောက်ရမှာပါ။

အေစီမီလန် VS ရိုးမား
နံနက် ၁း၁၅(၁၀-၅-၁၅)

ရိုးမားဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ အများမခံတဲ့ အခြေအနေမှာရှိပါတယ်။ ဒါကြောင့် ခြေကုန်ထုတ်ကစားလာမှာပါ။ အေစီမီလန်ကတော့ ခြေစွမ်းပိုင်းမတည်ငြိမ်တဲ့အပြင် မျှော်လင့်ချက်လည်း နည်းပါးနေပြီဖြစ်တာကြောင့် အားစိုက်ကစားဖို့ ခက်ပါတယ်။ ရိုးမားကသာ အဝေးကွင်းမှာ နိုင်ပွဲရသွားမှာပါ။

အမ်ပိုလီ VS ဖီအိုရင်တီးနား
ည ၀၀း၃၀(၁၁-၅-၁၅)

ဖီအိုရင်တီးနားဟာ အခုနောက်ပိုင်း ရလဒ်တွေမငြိမ်မှုနဲ့အတူ ဥရောပဝင်ခွင့်ရရှိဖို့ ခက်ခဲလာနေတယ်။ ဖီအိုရင်တီးနားအနေနဲ့ ဥရောပဝင်ခွင့်ရချင်ရင် လက်ကျန်ပွဲတွေမှာ ရလဒ်ကောင်းဖို့လိုသလို ဒီပွဲမှာလည်း အားစိုက်ကစားမှာပါ။ အမ်ပိုလီခြေက မဆိုးပေမယ့် ဒီပွဲမှာတော့ ဖီအိုရင်တီးနားပဲ နိုင်ပွဲရသွားမှာပါ။

ချီယေဗို VS ဗီရိုနာ
ည ၅း၀၀(၁၀-၅-၁၅)

နှစ်သင်းစလုံးရဲ့ အခုနောက်ပိုင်း ကစားပုံက ကောင်းမွန်နေတာမှန်ပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းစလုံးဟာ တန်းမဆင်းရရေး မျှော်လင့်ချက်ပြည့်ဝသွားကြပြီ ဖြစ်သလို အခြားမျှော်လင့်ချက်လည်း မရှိတာကြောင့် နိုင်ပွဲရရှိရေး မဖြစ်မနေ အားစိုက်ကစားကြမယ့် အခြေအနေမှာ မရှိပါဘူး။ သရေကျသွားဖို့များပါတယ်။

y;rm; VS နာပိုလီ
ည ၀၀း၃၀(၁၁-၅-၁၅)

ပါးမားက တန်းမဆင်းရဖို့ သေချာနေတဲ့ အသင်းပါ။ လက်ရှိပါးမားရဲ့ ရန်းအားက ကောင်းမွန်နေပေမယ့်လည်း နာပိုလီကိုတော့ ထိန်းချုပ်ဖို့ခက်ပါတယ်။ နာပိုလီဟာ ယူရိုပါလိဂ် နှစ်ပွဲကြားမှာ ဒီပွဲကို ကစားရမှာဖြစ်ပေမယ့် ဥရောပဝင်ခွင့်မျှော်လင့်ချက်အတွက် အများခံမှာ မဟုတ်ပါဘူး။ နာပိုလီပဲ နိုင်ပွဲရသွားမှာပါ။

ပါလာမို VS အတ္တလန်တာ
ည ၇း၃၀(၁၁-၅-၁၅)

အတ္တလန်တာက တန်းမဆင်းရဖို့ မျှော်လင့်ချက်တွေရှိနေပေမယ့် လုံလောက်တဲ့အမှတ်တော့မရသေးဘူး။ ဒါကြောင့် ဒီပွဲမှာလည်း အမှတ်ရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာတယ်။ ပါလာမိုကတော့ လက်ရှိ ခြေစွမ်းက တည်ငြိမ်မှုနည်းပါတယ်။ ပါလာမိုကွင်းဖြစ်ပေမယ့် အတ္တလန်တာ သရေကျဖို့များတယ်။

လာဇီယို VS အင်တာ
နံနက် ၁း၁၅(၁၁-၅-၁၅)

လာဇီယိုဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့အတွက်လည်း ရိုးမားနဲ့ အားပြိုင်နေရတာကြောင့် အားစိုက်ကစားမှာဖြစ်သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံပိုကောင်းတတ်ပါတယ်။ အင်တာမီလန်ရဲ့ လက်ရှိကစားပုံမဆိုးပေမယ့်လည်း လာဇီယိုပဲ နိုင်ပွဲရမှာပါ။

အူဒီးနီးစ် VS ဆမ်ဒိုးရီးယား
ည ၇း၃၀(၁၁-၅-၁၅)

ဆမ်ဒိုးရီးယားဟာ ဥရောပဝင်ခွင့်ရဖို့ ဂျီနိုအာ၊ ဖီအိုရင်တီးနား၊ တိုရီနိုတို့ရဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတာကြောင့် အများခံမှာ မဟုတ်ပါဘူး။ လက်ရှိဆမ်ဒိုးရီးယားရဲ့ခြေက ကျဆင်းနေပေမယ့် အူဒီးနီးစ်ကလည်း ခြေစွမ်းပိုင်း သာမန်သာရှိပါတယ်။ ဆမ်ဒိုးရီးယားကို ကပ်အနိုင်ရသွားဖို့ရှိတယ်။

ဂျီနိုအာ VS တိုရီနို
နံနက် ၁း၁၅(၁၂-၅-၁၅)

နှစ်သင်းစလုံး ဥရောပဝင်ခွင့်ရရှိဖို့ မျှော်လင့်ချက်ရှိနေတာကြောင့် ခြေကုန်ထုတ်ကစားကြပါလိမ့်မယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံးရဲ့ ကစားပုံကလည်း ကောင်းမွန်နေတာကြောင့် ပိုမိုအကြိတ်အနယ်ရှိမှာပါ။ ဒါပေမယ့် ဂျီနိုအာက အိမ်ကွင်းဖြစ်ပြီး အိမ်ကွင်းခြေလည်း ပိုကောင်းတတ်လို့ ဂျီနိုအာ ကပ်နိုင်မယ်။

မန်ယူနှင့် လီဗာပူးတို့၏ ပစ်မှတ်ထားခြင်းခံထားရသည့် ဒန်နီအဲလ်ဗက် ဘာစီလိုနာ၌ ဆက်နေမည်

ဘာစီလိုနာအသင်း၏ ဘရာဇီး ဘယ်နောက်ခံကစားသမား ဒန်နီအဲလ်ဗက်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် နူးကမ့်ကို စွန့်ခွာကာ အင်္ဂလန်မြေသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့် သတင်းများထွက်ပေါ်နေသော်လည်း ဘာစီလိုနာအသင်းကမူ ဒန်နီအဲလ်ဗက်သည် ဘာစီလိုနာအသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘာစီလိုနာ ဘယ်နောက်ခံကစားသမား ဒန်နီအဲလ်ဗက်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ၎င်း၏ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် စပိန်လာလီဂါ၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီးလည်း ဖြစ်သည်။

ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၃၅၀ ကျော်အထိ ပါဝင်ကစားပေးထားနိုင်ခဲ့သည့် နောက်ခံကစားသမား ဒန်နီအဲလ်ဗက်အား ပရီမီယာလိဂ်အသင်းကြီးများဖြစ်ကြသည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့က အင်္ဂလန်မြေ အရောက်ခေါ်ယူသွားရန် စိစဉ်လျက်ရှိနေသည်။

သို့ရာတွင် ဘာစီလိုနာအသင်းအနေဖြင့် ဒန်နီအဲလ်ဗက်အား အခြားကလပ်အသင်းများသို့ ရောင်းချရန် အစီအစဉ်မရှိကြောင်းနှင့် ဒန်နီအဲလ်ဗက်မှာ ဘာစီလိုနာအသင်းအတွက် မရှိမဖြစ်အရေးပါသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ဘာစီလိုနာအသင်း ဥက္ကဋ္ဌဘာတိုမူးက ပြောကြားခဲ့သည်။

"အဲလ်ဗက်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ မျှော်လင့်ထားပါတယ်။ ပြီးတော့ စာချုပ်သစ်ချုပ်ဆိုရေးဆွေးနွေးမှုတွေ ပြုလုပ်ဖို့လည်း တောင်းဆိုထားပါတယ်။ ဘာစီလိုနာက သူ့ကို ဆက်နေဖို့ဆန္ဒရှိတာနဲ့အတူ အဲလ်ဗက်အနေနဲ့လည်း ဘာစီလိုနာမှာ ဆက်နေလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဘာစီလိုနာအသင်း ဥက္ကဋ္ဌ ဘာတိုမူးက ပြောကြားခဲ့သည်။

ဒန်နီအဲလ်ဗက်သည် ၂၀၀၈ ခုနှစ်က ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း လာလီဂါပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ စသည့်ပြိုင်ပွဲများတွင် ပွဲပေါင်း ၄၀ အထိ ပါဝင်ကစားပေးထားခဲ့သူဖြစ်သည်။ [ငွေကြယ်]

တီဗက်ဇ်ကိုမတားဆီးနိုင်ခဲ့တဲ့ ရီးယဲလ်

ဂါရတ်ဘေးလ်ကြောင့် ၁၀ ယောက်တည်းဖြင့် ကစားခဲ့ရသော ရီးယဲလ်ဟု ရှိုင်းကိန်းဝေဖန်

မေ၆ရက်မှာကစားခဲ့ရတဲ့ ဂျူဗင်တပ်နဲ့ ရီးယဲလ်မက်ဒရစ်တို့ရဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်မှာ ဂျူဗင်တိုက်စစ်မှူးတီဗက်ဇ်ရဲ့ တိုးအားနဲ့ အကွက်မြင်မြင် ဖန်တီးပေးပို့မှုတွေကို ရီးယဲလ်အနေနဲ့ မတားဆီးနိုင်ခဲ့လို့ တူရင်မြေမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရပါတယ်။

ပထမပိုင်းစလို့ ပွဲချိန် ၈ မိနစ်မှာပဲ မိုရာတာက တီဗက်ဇ်ရဲ့ဖြတ်တင်ပေးပို့မှုတစ်ဆင့် ဂျူဗင်အတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့ပါတယ်။ ဒါပေမယ့် ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သူရဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၇၆ ဂိုးမြောက်အဖြစ် ပွဲချိန် ၂၇ မိနစ်မှာ ရီးယဲလ်အတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့ပါတယ်။ ပွဲချိန် ၅၇ မိနစ်အရောက်မှာတော့ တီဗက်ဇ်ကို ပင်နယ်တီဧရိယာထဲမှာ ကာဗာဂျယ်က ချိတ်လှဲခဲ့လို့ ပင်နယ်တီရရှိခဲ့ရာမှာ တီဗက်ဇ်ကပဲ ဂျူဗင်အတွက် အဖိုးတန်အနိုင်ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။

ယခုပွဲမှာအန်စလော့တီအနေနဲ့ ရာမိုစ်ကို ကွင်းလယ်အဖျက်နေရာမှာထားပြီး ကစားစေခဲ့တာက တီဗက်ဇ်ရဲ့လုပ်အားနှုန်းကို ပိုမိုထိန်းချုပ်ဖို့ခက်ခဲသွားစေခဲ့သလို ဂါရတ်ဘေးလ်ကြောင့်လည်း ရီးယဲလ်ရဲ့အပိုင်အခွင့်အရေးတချို့ ဆုံးရှုံးခဲ့တာကြောင့် ရီးယဲလ်အနေနဲ့ ဂျူဗင်ကို ၁၀ ယောက်တည်းနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ မန်ယူအသင်းခေါင်းဆောင်ဟောင်း ရှိုင်းကိန်းကတောင် ဝေဖန်ခဲ့ပါတယ်။

ရှိုင်းကိန်းက" ရီးယဲလ်က ၁၀ ယောက်တည်းနဲ့ကစားခဲ့နေရသလို သူတို့အတွက် တကယ်ကိုခက်ခဲခဲ့မှာပါ။ ဘေးလ်က လုပ်ကြီးလုံးလုံး ဖြစ်နေတယ်။အခုပွဲမှာ သူကသူ့ကိုယ်သူယုံကြည်မှုနည်းနေသလို လွယ်လွယ်ကူကူနဲ့ပဲ ပွဲကိုချဉ်းကပ်ကစားခဲ့တယ်။ ကျွန်တော်တောင် ဒီပွဲမှာပါဝင်ကစားတဲ့သူမဟုတ်ဘဲ သူ့ကိုစိတ်ဆိုးမိတယ်။ သူ့အသင်းဖော်တွေအနေနဲ့ ဘယ်လိုမှ ပျော်ရွှင်နိုင်မှာ မဟုတ်ပါဘူး။ သူရဲ့ကစားပုံက ကျောင်းသားလေးတစ်ယောက်လမ်းမှာ အပျော်ဘောလုံးကစားနေသလိုပါပဲ" လို့ ဝေဖန်ခဲ့ပါတယ်။

ယခုပွဲအရှုံးကြောင့်ရီးယဲလ်က မေ ၁၃ ရက်မှာ ကစားမယ့်ဒုတိယအကျော့ပွဲမှာ ဂျူဗင်ကို အိမ်ကွင်းမှာ မဖြစ်မနေအနိုင်ကစားဖို့ လိုအပ်နေပါတယ်။ ဒါပေမယ့်လည်း ၂၀၀၃ ခုနှစ်က ဒီနှစ်သင်းချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲနောက်ဆုံးတွေ့ဆုံခဲ့ရာမှာ ဂျူဗင်က နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-သုံးဂိုးနဲ့ ဗိုလ်လုပွဲဆီကို တက်ရောက်ဖူးတဲ့အစဉ်အလာတွေရှိတယ်။ [မေလှဲ့သင်း]

ကမ္ဘာ့ကျောင်းသားလူငယ် စစ်တုရင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်

ရန်ကုန် မေ ၆ ။ ၂၀၁၅ ခုနှစ် မေ ၆ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ကျင်းပမည့် ကမ္ဘာ့ကျောင်းသားလူငယ် စစ်တုရင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော မြန်မာစစ်တုရင်အားကစားအဖွဲ့သည် မေ ၆ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာစစ်တုရင်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လွင်၊ အုပ်ချုပ်သူ ဒေါ်သိန်းသိန်းမော်၊ နည်းပြဦးခင်မောင်မောင်၊ ဒိုင်လူကြီး ဦးမျိုးဇော်မင်း၊ အားကစားသမားများအဖြစ် မောင်မောင်ကျော်ဇောဟိန်း (PISM, ကမာရွတ်)၊ ထက်နိုင်(အထက-၅၊ ဗိုလ်တထောင်)၊ မစန္ဒာခိုင်အောင်(အထက-၂ လသာ)၊ မဝင်းလဲ့လဲ့ဝါ(အမက-၁၂၅၊ နေပြည်တော်)တို့ ပါဝင်သည်။ (ထူးအောင်)

မှုခင်း

qiu ,t&erxe;Eib wr;arluojzi aoq;/ 'P&&

မကွေး မေ ၆

မကွေးမြို့ မြို့ဝင်/ထွက် (တောင်) ဂိတ်အနီး မကြီးကန်ကျေးရွာအုပ်စု မကွေး-ကောင်ကွင်းကြီးကားလမ်း၌ မေ ၄ ရက်နံနက် ၆ နာရီက ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၄)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲ(မကွေး)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မကွေးမြို့ဘက်မှ တောင်တွင်းကြီးဘက်သို့ မကွေးမြို့နယ် ပုထိုးကျေးရွာနေ ကိုသက်(၂၅)နှစ် မောင်းနှင်၍ တစ်ရွာတည်းနေ အောင်ဌေးလွင်(၄၂)နှစ်လိုက်ပါလာသည့် ကန်ဘို 110 အစိမ်းရောင် ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ကိုသက်တွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့ပြီး အောင်ဌေးလွင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကိုသက်အား မကွေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မဘိမ်း

မဘိမ်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂ ရက်က မဘိမ်းမြို့နယ် လဝါကျေးရွာနှင့် စိပိန်းကျေးရွာသွားလမ်းတွင် စိပိန်းကျေးရွာဘက်မှ လဝါကျေးရွာဘက်သို့ အုံးမောင် (ခ) အိုက်အုပ် မောင်းနှင်ပြီး မအမ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ရှေ့ခွကြားရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၇၀ ပြား သိမ်းဆည်းရမိသဖြင့် အုံးမောင် (ခ) အိုက်အုပ် (၂၂) နှစ်နှင့် မအမ် (၂၃) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဖယ်ခုံ

မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက်က ဖယ်ခုံမြို့အဝင်၊ ကုန်းဆုံစစ်ဆေးရေးဂိတ်တွင် ယာဉ်များအား လမ်းကြောင်းပိတ်ဆို့ စစ်ဆေးရှာဖွေနေစဉ် ပင်လောင်းမြို့ဘက်မှ ဖယ်ခုံမြို့ဘက်သို့ အသက် (၄၅) နှစ်ခန့်ရှိ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ဖယ်ခုံမြို့မှ စက်တော်ရွာသွားလမ်းမပေါ်၌ မော်တော်ဆိုင်ကယ်ကို တွေ့ရှိသဖြင့် ရှာဖွေရာ မော်တော်ဆိုင်ကယ်အနီး ပီနံအိတ်အတွင်းမှ ဘိန်းစိမ်း ၄၁ ဒသမ ၈ ကီလို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် ဖယ်ခုံမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး တရားခံ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကလေး

မူးယစ်ကာပ်ဖွဲ့စု (၅) ကလေးမှ တပ်ဖွဲ့ဝင်များသည် မေ ၃ ရက်က ကလေးမြို့ မြို့လှရပ်ကွက် မှန်ထာကျေးရွာ အမှတ် (၁) လမ်းနေ ခုပ်ကျုံးနီး၏ နေအိမ်ကို ရှာဖွေရာ MAZDA-FAMILIA အစိမ်းပုပ်ရောင်လိုင်စင်မဲ့ယာဉ်၏ ယာဉ်မောင်းထိုင်ခုံကူရှင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ နှင့် မြန်မာငွေ တစ်သိန်းကျပ်တို့ကို သိမ်းဆည်းရမိသဖြင့် ခုပ်ကျုံးနီး (၄၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကြေးမုံ**

အုံးမောင် (ခ) အိုက်အုပ်နှင့် မအမ်တို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မိုးလေဝသအခြေအနေ

မေ ၇ ရက် နေ့အပူချိန်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်	အမြင့်ဆုံး	အနိမ့်ဆုံး
နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၉°C	၂၄°C
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	၃၈°C	၂၄°C
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၉°C	၂၄°C
ပဲခူးတိုင်းဒေသကြီး	၄၀°C	၂၆°C
ချင်းပြည်နယ်	၃၁°C	၁၆°C
မကွေးတိုင်းဒေသကြီး	၄၂°C	၂၆°C

မေ ၇ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ

ရေတက်	နံနက်	၅း၁၄ နာရီ	၁၈ ပေ
ရေကျ	နံနက်	၁၁း၄၈ နာရီ	၄. ၅၉ ပေ
ရေတက်	ညနေ	၅း၂၃ နာရီ	၂၀. ၁၁ ပေ

မေ ၆ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်

နေထွက်	နံနက်	၅း၃၇ နာရီ
နေဝင်	ညနေ	၆း၂၅ နာရီ

မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးရာမှ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ

ရန်ကုန် မေ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများသည် မေ ၄ ရက် နံနက်ပိုင်းက လှည့်ကင်းဆောင်ရွက်နေစဉ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် စီဘလောက်(၂)လမ်း၊ တိုက်(၃၈)အရောက် မောင်ရိပ်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ လင်းလင်း(ခ) အောင်ကျော်ကျော် (၂၁)နှစ်နှင့် ငြိမ်းချမ်းဦး (ခ) သားကြီး(၂၂)နှစ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်နေသူ နှစ်ဦးတို့အား လက်ဆွဲအိတ်တစ်လုံးနှင့်အတူ တွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ လက်ဆွဲအိတ်တစ်လုံးအတွင်းမှ အလေးချိန် တစ်ကျပ်သားခန့်ရှိ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် ၁၆ ဒသမ ၃၃ ဂရမ်ခန့်ရှိ အနက်ရောင် ကြပ်ကြပ်အိတ်ဖြင့် ထုတ်ထားသော အထုပ်တစ်ထုပ်၊ အလေးချိန် ငါးကျပ်သားခန့်ရှိ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် ၈၁ ဒသမ ၆၅ ဂရမ်ခန့်ရှိ အနက်ရောင် ကြပ်ကြပ်အိတ်ဖြင့် ထည့်လျက် အထုပ်တစ်ထုပ်၊ ငွေစက္ကူ ၉၇၀၀ ကျပ်နှင့်အတူ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက လင်းလင်း (ခ) အောင်ကျော်ကျော် (၂၀)နှစ်နှင့် ငြိမ်းချမ်းဦး (ခ)သားကြီး (၂၂)နှစ်တို့အား အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၁၂)

တရားမဝင်မော်တော်ယာဉ်မျိုးစုံ ဖမ်းဆီးထိန်းသိမ်း

ရန်ကုန် မေ ၆

တရားမဝင်သယ်ဆောင်ကုန်သွယ်မှုများအား ဧပြီလအတွင်း ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး အဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ မြဝတီ ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လှုပ်ရှား (၂) ညောင်ခါးရှည် (Mobile Team) အဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံမှတင်သွင်းလာသည့် ကုန်သေတ္တာသယ်ဆောင်ယာဉ်များက ယာဉ်မျိုးစုံတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါလမ်းတွင်ဝင်ရောက်လာသည့် ကွန်တိန်နာယာဉ်များအား ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေးဗဟိုကော်မတီ သို့ သတင်းပို့ပြီး ဆူးလေမြေပြင်ချစစ်အဖွဲ့ထံ ပို့ဆောင်ခဲ့သည်။ ထိုသို့ ဆူးလေမြေပြင်ချစစ်အဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်မျိုးစုံ ၂၉စီး ခန့်မှန်း တန်ဖိုးကျပ်သိန်း ၂၇၆၉သိန်းဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး (မြန်/ဆက်)

ရထားတွဲကူးပြောင်းစဉ် တွဲကြားသို့ပြုတ်ကျသေဆုံး

မိုးကောင်း မေ ၆

အမှတ်(၅၇)အဆန် မန္တလေး-မြစ်ကြီးနားရထားသည် မေ ၃ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ထွက်ခွာလာရာ ထိုပူးဘူတာနှင့် မိုးကောင်းဘူတာကြား မိုင်တိုင်အမှတ်(၆၈၄/၂၃-၂၄)ကြားအရောက် ရိုးရိုးတန်းတွဲ(၃)တွင် လိုက်ပါလာသည့် ခရီးသည် အောင်သက်ထွေး(၃၄)နှစ် မိုးကောင်းမြို့ နန့်ရင်းရပ်ကွက်နေသူသည် ရထားတွဲတစ်တွဲနှင့်တစ်တွဲကူးပြောင်းသွားရောက်စဉ် တွဲကြားမှ ပြုတ်ကျကာ ဒဏ်ရာများရရှိသေဆုံးခဲ့သဖြင့် မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်းဘေးကင်းရန်ကွာလွန်ချမ်းသာ

CONGRATULATIONS

Our warmest welcome and heartfelt congratulations
on the auspicious opening of

"UNITED OVERSEAS BANK"

Yangon branch in Myanmar on 6th May 2015.
We wish you much success in providing banking services
for the development of a strong financial sector in Myanmar.

Chairman and Board of Directors
KBZ BANK LTD.

ဒါးပေါက်ရေတွင်း တူးရန် နှစ်လက်မပိုက်များ ထောက်ပံ့

ခင်ဦး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေအတွက် ဒါးပေါက်ရေတွင်းတူးမည့် တောင်သူ ၆၀ ဦးအား ပေ ၂၀ရှိသော နှစ်လက်မပိုက်လုံးများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီက ခင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ဒါးပေါက်ရေတွင်းများတူးဖော်ခြင်းဖြင့် စိုက်ပျိုးသီးနှံများ ရေအခက်အခဲမှ ကျော်လွှားနိုင်ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေအတွက် ဒါးပေါက်ရေတွင်းတူးဖော်မည့် တောင်သူတစ်ဦးလျှင် ပေ ၂၀ ရှိသော နှစ်လက်မပိုက် ၂၇ လုံးနှုန်းဖြင့် တောင်သူ ၆၀ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျန်ရှိနေသေးသည့် ဒါးပေါက်ရေတွင်းတူးမည့်တောင်သူ ၄၀ ဦးကိုလည်း ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

(၁/၂၀၁၅) အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲနှင့် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲ မုတ္တမဒီကျေးရွာတွင်ပြုလုပ်

ဘားအံ မေ ၆

ကရင်ပြည်နယ်ဘားအံမြို့နယ် မုတ္တဒီကျေးရွာ မုတ္တဒီအထက်တန်းကျောင်း ခန်းမ၌ (၁/၂၀၁၅) အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲနှင့်နှင့် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘားအံမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက အရန်မီးသတ်အဖွဲ့ဝင်များနှင့် တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူများ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများအားမီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်သောလေဘေး၊ ရေဘေး၊ ငလျင်ဘေး ကျရောက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ မဖြစ်ခင်၊ ဖြစ်နေစဉ်၊ ဖြစ်ပြီးနောက် ဆောင်ရွက်နိုင်သည်များကို ဟောပြောခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် ကရင်ပြည်နယ်မီးသတ်ဦးစီးအရာရှိ မင်းခင်မောင်ဦးက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ရာ ၂၀၁၄ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌မီးလောင်မှု ၁၆၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ ကရင်ပြည်နယ်တွင် ၂၀၁၄ ခု၌ မီးလောင်မှု ၁၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဘားအံမြို့နယ်တစ်ခုတည်း၌ပင် မီးလောင်မှု လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ သင်တန်းတက်ရောက်လာသော သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ မိမိတို့သင်ကြားတတ်မြောက်ထားသည့် မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေး ပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မိမိကိုယ်တိုင်နှင့်ကျေးရွာနေပြည်သူများ ပိုမိုသိရှိလာအောင် ဆက်လက်ပညာပေးဆောင်ရွက်သွားရန်နှင့် အရန်မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်လေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရင်း အရန်မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မုတ္တဒီကျေးရွာအုပ်စုနှင့်ခဲတောက်ကျေးရွာအုပ်စုတို့မှ အကြိုအခြေခံမီးသတ်သင်တန်းတက်ရောက်ခဲ့သော သင်တန်းသား ၅၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်း၊ ထူးချွန်သင်တန်းသားများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆရာများအား အမှတ်တရဂုဏ်ပြုလက်ဆောင် ချီးမြှင့်ခြင်းများ ဆောင်ရွက်ပြီးနောက် လက်တွေ့မီးငြိမ်းသတ်နည်းများ၊ မီးငြိမ်းသတ်စက်ယာဉ်ဖြင့် မီးငြိမ်းသတ်၍ သရုပ်ပြဆောင် ရွက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

မီးသတ်ဌာနအဆောက်အအုံသစ် ဆောက်လုပ်မှု မေလတွင်စတင်မည်

ရိခေါဒါရ် မေ ၆

ချင်းပြည်နယ် ရိခေါဒါရ်မြို့၌ မြန်မာနိုင်ငံမီးသတ်ဌာနတစ်ခုကို ၂၀၁၅ ခုနှစ်တွင်ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ရိခေါဒါရ်မြို့သည် ၂၀၀၂ ခုနှစ်မှစ၍ မြို့နယ်ခွဲအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ချင်းပြည်နယ် (မြောက်ပိုင်း) မြန်မာ-အိန္ဒိယနယ်စပ်မြို့တစ်ခုဖြစ်ပြီး အိမ်ခြေ ၇၀၀ ကျော်ရှိကာ အထူးသဖြင့် အမှတ်(၂) ရပ်ကွက်၌ လူနေအိမ်များ နီးကပ်စွာရှိခြင်း၊ ဤဒေသတွင် နွေရာသီ၌ အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ခန့် ရှိ၍ ပူပြင်းခြောက်သွေ့နေခြင်းကြောင့် မီးဘေးအန္တရာယ်ကို စိုးရိမ်နေရကြောင်း သိရသည်။

"ကျွန်တော်တို့မြို့မှာ အိမ်ခြေ၊ လူဦးရေနည်းပါးသေးပေမယ့် ဆောက်လုပ်ထားတဲ့ လူနေအိမ်တွေဟာ ဒေသပထဝီအနေအထား၊ အခြေအနေအရနီးနီးကပ်ကပ် ဆောက်လုပ်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒေသဟာ တောင်ပေါ်မြို့ဆိုပေမယ့် နွေရာသီမှာဆိုရင် အလွန်ပူအိုက်ပြီးတော့ မီးဘေးအန္တရာယ်ကို စိုးရိမ်ရပါတယ်။ အခုလို ကျွန်တော်တို့မြို့မှာ ချင်းပြည်နယ်အစိုးရရဲ့ စီစဉ်ပေးမှုကြောင့် မီးသတ်ယာဉ် နှစ်စီးနဲ့ မီးသတ်ဌာနရုံး ဖွင့်လှစ်ပေးမှုအပေါ် အတိုင်းမသိဝမ်းသာပါတယ်။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ တခြားလိုအပ်တဲ့ ကိစ္စတွေမှာမီးသတ်ဝန်ထမ်းတွေနဲ့အတူ ဒီမြို့မှာရှိတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇရှမ်းလျန်က ပြောသည်။

မီးသတ်ဌာနရုံးသစ် ဆောက်လုပ်မည့် တည်နေရာသတ်မှတ်ခြင်း၊ ရေတင်ခြင်းနှင့် လမ်းဖောက်ခြင်းတို့ကို ဆောင်ရွက်ထားပြီး ၂၀၁၅ ခုနှစ် မေလအတွင်း မီးသတ်ဌာနရုံး အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခုအခါ မီးသတ်ဝန်ထမ်းနှစ်ဦးအား တာဝန်ချထားပေးပြီး ဒေသ အရန်မီးသတ်တပ်ဖွဲ့နှင့်အတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၄ ခုနှစ် အတွင်း ဒေါင်းဖန်မီးသတ်ယာဉ်တစ်စီးနှင့် ရေတင်ယာဉ်တစ်စီးအား ရိခေါဒါရ်မြို့အတွက် ချပေးထားခဲ့ကြောင်း သိရသည်။ **စိုဟေဆာဝ**

မြန်မာနိုင်ငံအပူပိုင်းဒေသရှိ ပင်ရွှေနိမ့်သူများ၏ အပေါ်စစ်တမ်းကောက်ယူ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပည့် အကျိုးကျေးဇူးများရရှိနိုင်

မကွေး ၁၉ ၆

မကွေးမြို့နယ် မကြီးကန်ကျေးရွာတွင် မေ ၅ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးစီးပွားပညာဌာနမှ ကထိက ဒေါက်တာဒေါ်မင်းအိလွင်နှင့် လက်ထောက်ကထိကတစ်ဦး၊ မဟာသိပ္ပံမှ ကျောင်းသား ကျောင်းသူ ၁၁ ဦး စုစုပေါင်း ၁၃ ဦးပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံအပူပိုင်းဒေသရှိ ဝင်ငွေနိမ့်သောသူများ၏ အစာအသောက်လုံလောက်မှုအခြေအနေများအပေါ် လွှမ်းမိုးသည့်အချက်များအား သုတေသနပြုစစ်တမ်းကောက်ယူနေကြောင်း သိရသည်။

မြန်မာနိုင်ငံအပူပိုင်းဒေသ စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို သုတေသနပြု၊စစ်တမ်း ကောက်ယူမည့်နေရာများမှာ မကွေးမြို့နယ်အတွင်းရှိ ကန်းမြေပိုင်းနှစ်ရွာနှင့် မြစ်ကမ်းဘက်နှစ်ရွာတို့ဖြစ်ပြီး စစ်တမ်းကောက်ယူမည့်အိမ်ထောင်စုများမှာ လယ်ယာနှစ်ဧကအောက်လုပ်ကိုင်သူများ၊ လယ်ယာမဲ့၊ မသန်စွမ်း၊ အမျိုးသမီးဦးဆောင်သူများအား တစ်ရွာလျှင် အိမ်ခြေ ၅၀ ကျော်ဖြစ်ပြီး ရွာလေးရွာမှ အိမ်ခြေ ၂၀၀ ကျော်တို့ကို စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

သုတေသနပြု စစ်တမ်းကောက်ယူရာတွင် ပိုင်ဆိုင်မှုအခြေအနေ၊ တစ်နှစ်ပတ်လည်စိုက်ပျိုးထုတ်လုပ်မှု၊ လယ်ယာလုပ်ငန်း သုရင်းငှားလုပ်ကိုင်ခြင်းနှင့် ဝင်ငွေ၊ အခြားကိုယ်ပိုင်လုပ်ငန်းများမှ ဝင်ငွေခန့်မှန်းချက်၊ နေ့စဉ်စားသောက်မှုပုံစံ၊ နေ့စားဖြစ်ပါက ဝင်ငွေရရှိမှုနှင့် အစားအစာအတွက် ကုန်ကျစရိတ်လုံလောက်မှု ရှိ-မရှိ နေ့စဉ်ဝယ်ယူနေသောဈေးနှင့် အိမ်အကွာအဝေး၊ ယခုနှစ်အတွင်း ဆန်အကြွေးဝယ်ယူခြင်း ရှိ-မရှိ၊ အိမ်ထောင်စု အသုံးစရိတ်ခန့်မှန်းချက်၊ အိမ်ထောင်စုများကြုံတွေ့ရသည့် အခက်အခဲများ၊ လွန်ခဲ့သော ငါးနှစ်အတွင်းက ကြုံတွေ့ခဲ့သောအခက်အခဲများအပေါ် ဖြေရှင်းခဲ့သည့်နည်းလမ်းများ၊ စိုက်ပျိုးပညာပေးမှုနည်းပညာရရှိမှု အခြေအနေ၊ အတန်းပညာသင်ယူမှုအခြေအနေ အစရှိသည့်အချက်များကို သုတေသနပြုစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့လုပ်ဆောင်ခြင်းကြောင့် ဒေသခံများ၏လိုအပ်ချက်ကိုထိထိဝင်ဝင်သိရှိပြီး လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း ရေဆင်းတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **ဇာဇာ(မကွေး)**

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း သပိတ်ကျင်းတွင်ပို့ချ

သပိတ်ကျင်း မေ ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့မရဲစခန်းတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် ပြုလုပ်ပေးမည့် အထွေထွေရွေးကောက်ပွဲအတွက် လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း(၁/၂၀၁၅) ဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက သပိတ်ကျင်းမြို့မရဲစခန်း ရဲရိပ်သာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်ဦးမှ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတိုးတိုးက ကော်မရှင်လုပ်ငန်းဆိုင်ရာများ၊ ၂၀၁၀ ရွေးကောက်ပွဲမှ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးဆွေဦးက ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် နယ်မြေအလိုက် တက်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များက မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချခဲ့ပြီး ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ လစ်ဟာမှုမရှိစေရေးအတွက် ရဲတပ်ဖွဲ့ဝင်အားလုံးမှ လိုက်နာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင်တန်းပို့ချဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

မိုးပွင့်စီမံချက်ဖြင့် ကျေးရွာအုပ်စုသုံးခုသို့ ကွင်းဆင်းဆောင်ရွက်

ကျုံပျော် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် ကျေးရွာများသို့ နေ့စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်က ကျေးရွာအုပ်စုသုံးခုသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ကျေးရွာပြည်သူတစ်ဦးက "မြို့နဲ့ဝေးကွာတဲ့ ကျွန်တော်တို့ရွာတွေအထိလာပြီး နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်အပါအဝင် အနီးဝန်းကျင်ရွာတွေက ပြည်သူတွေအားလုံးလည်း ကျေးဇူးတင်နေကြပါတယ်။ အခြားကိစ္စ အပါအဝင် လယ်ယာကိစ္စ ခရီးသွားတာကအစ ဒီမှတ်ပုံတင်ရှိဖို့က အရေးကြီးပါတယ်။ အရင်က မြို့အထိ တကူးတက သွားလုပ်ရတယ်။ အခုရွာမှာပဲ အချိန်ကုန်၊ငွေကုန် သက်သာစွာနဲ့ ရတဲ့အတွက်အရမ်းအဆင်ပြေတယ်။ ၂၀၁၅ရွေးကောက်ပွဲ မဲပေးရာမှာလည်းအရေးကြီးတဲ့ကတ်ကလေးဖြစ်လို့ လာရောက်ဆောင်ရွက်ပေးတဲ့ဌာနကို အထူးကျေးဇူးတင်တယ်" ဟုပြောသည်။

အဆိုပါနေ့က မဲဂရက်၊ ကံသုံးဆင့်နှင့် သက်ကယ်ခြင် ကျေးရွာအုပ်စုများမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၁၉၅ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မိုးပွင့်စီမံချက်ကို ကျေးရွာပြည်သူများကလည်း အထူးနှစ်သက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားများ ညောင်ရွှေမြို့ရှိ စိုက်ခင်းများအားသွားရောက်လေ့လာ

ညောင်ရွှေ မေ ၆

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ မေ ၃ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တလောကျေးရွာအုပ်စု ကွင်းအမှတ် ၁၃ ဦးပိုင် ၁၁၇ ရှိ တောင်သူဦးဝင်းရွှေ၏ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ငါးဇကော၊ အဆိပ်ခတ်ကင်းလွတ် ဗူး၊ ဖရဲစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ မြေသြဇာနှန်းထားအမျိုးမျိုး ထည့်သွင်းစမ်းသပ်ခြင်းလုပ်ငန်းနှင့် ဒေသတွင်းဖြစ်ထွန်းအောင်မြင်နေသော စပါးမျိုးကွဲအလိုက် အထွက်နှုန်းစမ်းသပ်ယှဉ်ပြိုင်ကွက်များကို လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာရေးကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသဝမ်းစာဖူလုံလျှံသာမက တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆ၊ သုံးဆတိုးတက်မြင့်မားရေး၊ အဆိပ်ခတ်ကင်းလွတ် ဗူး၊ ဖရဲ စိုက်ပျိုးထုတ်လုပ်နေမှု၊ မြေသြဇာနှုန်းထားအမျိုးမျိုး စမ်းသပ်ကွက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစိုက်ကွင်းမှ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးနှင့် စပ်မျိုးစပါးများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော အဆိပ်ခတ်ကင်းလွတ် သီးနှံဈေးကွက် ပေါ်ပေါက်လာစေရန်သဘာဝပတ်ဝန်းကျင်အကျိုးပြုသီးနှံများ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

နေမျိုးသူရိန်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိဝန်ထမ်းများနှင့် တွေ့ဆုံ

လွိုင်လင် မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးအစည်းအဝေးခန်းမတွင် မေ ၁ ရက် မွန်းလွဲ ၁ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့တက်ရောက်လာကြသော လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ အရာထမ်း အမှုထမ်းများမှ ဒုတိယဝန်ကြီးအား တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့ကာ ဒုတိယဝန်ကြီးမှ လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးနှင့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးစိုင်းကျော်မိုးတို့က လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကာ တက်ရောက်လာကြသူများက မိမိတို့မြို့နယ်အလိုက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

ဟသ်ာတခရိုင် ခရိုင်တရားသူကြီး မြန်အောင်မြို့မ ရဲစခန်းရှိ အချုပ်ခန်းများအား စစ်ဆေး

မြန်အောင် မေ ၆

ဟသ်ာတခရိုင် ခရိုင်တရားသူကြီး ဒေါ်အေးအေးသန်းသည် မြန်အောင်မြို့မရဲစခန်းရှိ အချုပ်ခန်းများကို မေ ၁ ရက်က ကြည့်ရှုစစ်ဆေးရာ ခရိုင်တရားသူကြီးက အချုပ်ခန်းနေရာထိုင်ခင်း သန့်ရှင်းမှုရှိ-မရှိနှင့် ဥပဒေနှင့်မညီဘဲ မတရားပြုမှုခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်းရှိ-မရှိ၊ အာဟာရမျှတစွာကျွေးမွေးခြင်းရှိ-မရှိ၊ ဆေးကုသရန်အခွင့်အရေးရ-မရတို့ကို အချုပ်တရားခံများအား တစ်ဦးချင်းမေးမြန်းခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေနှင့် မြန်အောင်မြို့မ ရဲစခန်းမှူး ဒုရဲမှူး မောင်မောင်တာတို့က အချုပ်တရားခံများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးထားသည်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်

ကံမ မေ ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့အခြေခံပညာအထက်တန်းကျောင်း(ကံမ) ရှိ မြဝတီခန်းမ၌ မေ ၄ ရက် နံနက် ၈ နာရီက မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကိုရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းမှ နေ့စားလပေး ဆရာ၊ ဆရာမ ၁၉၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ပြန်/ဆက်)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဖွင့်

လွိုင်ကော် မေ ၆

ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းခန်းမတွင် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၆၂/၂၀၁၅) အဆင့်မြင့် စက်ချုပ်သင်တန်း(၄၁/၂၀၁၅)၊ သီးမွေးစက်ဆွဲသင်တန်းအမှတ်စဉ် (၁၀/၂၀၁၅) နှင့် ကယားရိုးရာဂျပ်ခုတ်သင်တန်းအမှတ်စဉ် (၆/၂၀၁၅) သင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်က ယခုလို သင်တန်းဖွင့်လှစ်ခြင်းဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ အိမ်တွင်းမှုသက်မွေးပညာရပ်များ တတ်မြောက်သွားသည့်အခါ မိမိတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည့်အပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းကျောင်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

လွိုင်လင်တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာဖြန့်ဖြူး

လွိုင်လင် မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်ကုန်းလွယ်ရပ်ကွက်တွင် မြန်မာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် သည ဒသမ ၅ မိုင်ရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ၄၀၀ ဗို တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၁၀ ရက်က ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

မိုင်းပွန်ရှိ ကုန်းလွယ်ရပ်ကွက်တွင် ယခင်မှလက ကျောက်တိုင်ဝင်း၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ယခုအခါတွင် တိုးချဲ့ထရန်စဖော်မာ အသစ်ကြောင့် ၎င်းရပ်ကွက်ရှိ အိမ်ခြေ ၂၀၃ အိမ်အား ဓာတ်အားအပြည့်အဝပေးသွားနိုင်မည်ဖြစ်ကြောင်း ကျောက်တိုင်ဝင်းအတွင်းရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ အိမ်ခြေ ၄၀၂ အိမ်အား ဓာတ်အားနိုင်နင်းစွာပေးနိုင်မည်ဖြစ်ကြောင်း မိုင်းပွန်လျှပ်စစ်မှူးကပြောသည်။

မိုးလွင်ဦး(လွိုင်လင်)

"CNG Corolla Van"
Ph : 09-5174219

ပြင်ဆင်ဖတ်ရှုပါရန်
၈-၄-၂၀၀၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ(၄)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးသန်းလှိုင်အစား ဦးသန်းလှဟု ပြင်ဆင်ဖတ်ရှုပါရန်။

အလိုရှိသည်
ကွန်ပျူတာပန်းထိုး
ဒီဇိုင်နာ အလိုရှိသည်
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀၆၇၅၀၀၊၀၉-၄၃၀၄၃၄၁၅

International Security & Office Solution with Modern Electronics Expo 2015
FISCA Security & Communication Co., Ltd. (FISCA Enterprises) Main Sponsor
No.(128), 31st (Middle Block), Pabedan Tsp., Yangon.
☎ : 09-731 56110, 09-54 12694, Shop Ph : 01-374712

ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်မောင်အောင်

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်မောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)

ယခင်အပတ်မှအဆက်

တုန်သွယ်မှုပေါ်လစီအနေဖြင့် အဆိုပါ အဓိကလက္ခဏာလေးရပ်သာမကဘဲ FDI လုပ်ငန်းကြီးများနှင့်ပြည်တွင်း လုပ်ငန်းများ GSC သို့ ပိုမိုဝင်ရောက်နိုင်ရေးအတွက် အောက်ပါအချက်များကိုလည်း လုပ်ဆောင်ပေးနိုင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ကောင်း ဖြစ်စေရေးအတွက် ကုန်သွယ်မှုပေါ်လစီအနေဖြင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းစဉ်များအတွက် အဆင်ပြေလွယ်ကူချောမွေ့စေခြင်းဖြင့် ပံ့ပိုးနိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်း ဒေသအလိုက် အခွင့်အရေးသာမှု ပိုမိုပြင်လာရေးကိုလည်းကောင်း၊ နိုင်ငံခြား FDI လုပ်ငန်းကြီးများအတွက်ရင်းနှီးမြှုပ်နှံမှုစရိတ် လျော့ချနိုင်ရေးအတွက်နှင့်လုပ်ငန်းများစတင်နိုင်ရေး၊ ဝန်ဆောင်သည်စရိတ်လျော့နည်းစေရန်အတွက်လည်းကောင်း၊ လုပ်ငန်းကြီးများအတွက် အပိုကုန်ကျစရိတ်များ လျော့ချရေးအတွက်လည်းကောင်း၊ မမြင်ရသည်ပိုင်ဆိုင်မှု (intangible assets) များဖြစ်သည် မူပိုင်ခွင့်၊ ဉာဏဆိုင်ရာ ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးမှုတိုးတတ်လာစေခြင်းအတွက်လည်းကောင်း၊တန်ဖိုးမြင့်ပို့ကုန်များ ပိုမိုထွန်းကားလာရေးအတွက်လည်းကောင်း၊ ဆောင်ရွက်နိုင်သလို အရေး ကြီးဆုံးမှာ လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်ရေးနှင့် ပြည်တွင်းလုပ်ငန်းများ နိုင်ငံတကာနှင့်ချိတ်ဆက်ထုတ်လုပ်ရောင်းဝယ်သည် လုပ်ငန်းများအဖြစ်ထွန်းကားရေး (internationalization of firm)ကို ကုန်သွယ်မှုပေါ်လစီအဖြစ်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ AEC နှင့် အိမ်နီးချင်းဈေးကွက်ကြီးများသို့ ရည်ရွယ်ထုတ်လုပ်တင်ပို့သော လုပ်ငန်းများဖြစ်လာဖို့နှင့် ယခင်ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့်လည်း ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းဖြစ်လာစေဖို့ ကုန်သွယ်မှုပေါ်လစီဖြင့်သာ အဓိကလုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာလုပ်ငန်းရှင်များ၊ ဝင်ထွက်သွားလာမှုနှင့် နေထိုင်ရန်အဆင်ပြေချောမွေ့စေရေးနှင့် FDI လုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများ တရားမျှတသည် ယှဉ်ပြိုင်နိုင်မှုကို အားပေးသည် ယှဉ်ပြိုင်မှုပေါ်လစီလည်းလိုအပ်မည်ဖြစ်သည်။ ထို့အတူ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဘုံစံချိန်စံညွှန်းများလည်း လိုအပ်မည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းများ ပိုမိုထွန်းကားစေရေးနှင့် အစစအရာရာအဆင်ပြေချောမွေ့စေရေးအတွက် ပို့ကုန်မြှင့်တင်ရေးဇုန် (export processing zone)များ ပိုမိုထွန်းကားလာရေး တစ်ပြိုင်နက်လုပ်ဆောင်ရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များ၏အခန်းကဏ္ဍGSC သို့ ပိုမိုဝင်ရောက်ရေးအတွက် လက်တွေ့စီးပွားရေးလုပ်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ မကြာမီ လုပ်ငန်းရှင်များနှင့် အလုပ်ခွင်ဝင်လာကြမည် လူငယ်များ၏အခန်းကဏ္ဍအထူးအရေးကြီးသည်။ ယခင် ပြည်တွင်းဈေးကွက်ကိုသာ အဓိကဦးတည်ထုတ်လုပ်နေသည် ပြည်တွင်းလုပ်ငန်းများ၊ သင်းကန်အစားထိုးလုပ် ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ပြည်ပဈေးကွက်ကိုဦးတည်ထုတ်လုပ်ဝန်ဆောင်မှုပေးသည် လုပ်ငန်းများဖြစ်လာစေရေး (internationalization of firm)အတွက် အထူးဖောင်းပေးရတော့မည်အချိန် ဖြစ်သည်။

လုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားတိုင်း၏သဘောထားခံယူချက် (mind-set) ပြောင်းလဲပြီး GSC နှင့် တစ်နည်းမဟုတ်တစ်နည်း ပေါင်းစည်းနိုင်ရေးအထူးဦးစားပေးရမည်အချိန်ဖြစ်သည်။ တမ္ဘာစီးပွားရေးအခြေအနေနှင့် ပြောင်းလဲမှုများ၊ FDI လုပ်ငန်းကြီးများ၏သဘောသဘာဝ၊ နိုင်ငံတကာလုပ်ငန်းများ၏ လုပ် ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများအပြင် ပြောင်းလဲနေသည် ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် ကြိုက်နှစ်သက်မှုဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်သည် နည်းလမ်းများ၊ မိမိလုပ်ငန်းတိုးချဲ့နိုင်ရန် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ရရှိအောင် ပြည်တွင်းလုပ်ငန်းရှင်များအချင်းချင်း ပိုမိုပူးပေါင်း၍၊ နိုင်ငံတကာသို့ထိုးဖောက်နိုင်ရန် နိုင်ငံတတာလုပ်ငန်းများနှင့် ပူးပေါင်းရေးအထိပါ တစ်ပြိုင်နက်တည်းလုပ်ဆောင်ရတော့မည်ဖြစ်သည်။ အသိပညာခေတ် (knowledge era) ဖြစ်သည်အတွက် လူတိုင်းအသိပညာတိုးပွားရေးနှင့် သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီရရှိရေးတို့ ကြိုးစားရမည်ဖြစ်သလို ကုန်စည်ထုတ်လုပ်ရောင်းချသူတိုင်း ရရှိသော သတင်းအချက်အလက်များစီမှ မိမိထုတ်ကုန်နှင့်ပတ်သက်၍ နောက်ဆုံးရရှိသည် သတင်းအချက်အလက်များစစည်းခြင်း၊ သုံးသပ်လေ့လာခြင်းတို့မှတစ်ဆင့် ပို၍မြင့်သည်တန်ဖိုးဖန်တီးမှုကို အစဉ်ကြိုးစားရမည်ဖြစ်သည်။ ထို့အတွက်မည်သည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မည်ဖြစ်စေ မိမိလုပ်ငန်းနှင့်ပတ်သက်၍နောက်ဆုံးဖြစ်ပေါ်နေသည် သတင်းအချက်အလက်များ ရယူနိုင်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သည် လုပ်ဆောင်ချက်ဖြစ်သည်။ လက်တွေ့တွင် မြန်မာ့လုပ်ငန်းရှင်များ၊ မိမိဒေသတွင်းဈေးကွက်ပျောက်မည်ဆိုးသည့်အတွက်လုပ်ငန်းတဆိုလျှင် “ရန်သူ”ဟုဆိုသည် အမြင်ရှိနေဆဲဖြစ်သည်။ ထို့အတွက်ပေါင်းစည်း လုပ်ကိုင်ဖို့ခက်နေသလို အချို့ဒေသများတွင် “အသင်း” ဖွဲ့ရန်ပင်မည်ညွှတ် “သတစ်လ ငါ တစ်မင်း”ဖြစ်နေမှုများလည်းရှိနေဆဲပင်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးတွင် ဒုတိယအင်အားအကြီးဆုံးဖြစ်လာသည့် တရုတ်လူမျိုးများအနေဖြင့် လုပ်ငန်းရှင်နှစ် ယောက်ပေါင်းလျှင် ကုမ္ပဏီထူထောင်ခြင်း၊ သုံးယောက်ဆိုလျှင် နိုင်ငံတတာရည်ရွယ်ထုတ်လုပ်တင်ပို့သည် ကုမ္ပဏီတည်ထောင်ခြင်းစသည်လုပ်ငန်းရှင်ချင်းလွယ်လွယ်ကူကူပေါင်းစည်းနိုင်မှုကြောင့်လည်း လိုသည်အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ပိုမိုရရှိနိုင်မှုကြောင့် အောင်မြင်ခြင်းဖြစ်သည်။ ထို့အတွက် လုပ်ငန်းရှင်တစ်ဦးချင်းစီ၏ အမျှော်အမြင်ရှိမှု၊ အမြင်ကျယ်မှုတို့အပြင် လုပ်ငန်းရှင်များပေါင်းစည်းမှု၊ တစိုက်မတ်မတ်ကြိုးစားအားထုတ်မှု၊ တစ်ရက်ထက်တစ်ရက် အသိပညာပိုမိုသင်ယူမှုနှင့် လက်တွေ့အသုံးပြုနိုင်မှု (better learn, better do)၊ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain)ထဲသို့ ဝင်ရောတ်နိုင်ရေးအတွက် မည်သည်နည်းလမ်းဖြင့်ဝင်ရောက်မည်။ ထိုသို့(GSC) နှင့် ပေါင်းစည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည်အချက်များ ထုတ်လုပ်မှုအင်အားနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး၊ မိမိလုပ်ငန်း၏အထူးအားသာချက်များ (special advantages) ပိုမိုဖော်ထုတ်ရေးနှင့် အားနည်းချက်များကို အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မဖြစ်မနေစတင်လုပ်ဆောင်ရမည်ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း နိုင်ငံတကာလုပ်ငန်းရှင်များကို “ပြိုင်ဘက်” ဟု မမြင်ဘဲ “မိတ်ဘက်”ဟု သဘောထားပြီး ၎င်းတို့နှင့်ပေါင်းစည်းလုပ်ကိုင်နိုင်ရေး ဦးစားပေးရတော့မည် ဖြစ်သည်။ တစ်ဦးချင်းထုတ်လုပ်နေမှုကြောင့် အရင်းအနှီး၊ နည်းပညာအားနည်းနေဆဲပင်ဖြစ်သည်။ ထို့အတွက် ပထမအဆင့်အနေဖြင့် စီးပွားအင်အားပိုမိုရှိစေရန်နှင့် တိုးတက်မှုအတွက် လိုအပ်သည်နည်းပညာ သတင်းအချက် အလက်ရရှိမှု၊ ဈေးကွက်သစ်များ ထိုးဖောက်နိုင်ရေးအတွက် လုပ်ငန်းတုများ ဖြစ်မနေ ပေါင်းစည်းလုပ်ကိုင်မှု တိုးမြှင့်ရတော့မည်ဖြစ်သည်။ သို့မှသာ အရင်းအနှီး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ ပိုမိုပြုလုပ်နိုင်သည့်အပြင် ထုတ်လုပ်မှုပမာဏပိုမိုကြီးမားလာသောကြောင့် စီးပွားရေး တွက်ခြေကိုက်မှုအဆင့်ဖြစ်သည် (economies of scale)အရွယ်အစားရှိမှသာ ထုတ်လုပ်မှုတိုးချဲ့လေ ထုတ်လုပ်မှုစရိတ်ကျလေဖြစ်၍ နိုင်း ယှဉ်ဈေးနှုန်းချိုသာမှုနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

> တရားမျှတသည့် ယှဉ်ပြိုင်နိုင်မှုကို အားပေးသည့် ယှဉ်ပြိုင်မှု ပေါ်လစီလည်း လိုအပ်မည့်ဖြစ်သည်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ
မောင်ကောင်းထက်ထွန်း
နှင့်
မယမင်းဖြိုး

တို့၏ ၂၀-၄-၂၀၁၅ရက် (တနင်္လာနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ၂၆-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် Novotel Yangon Max Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီးဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော အငြိမ်းစားတပ်မတော်အကြီးအကဲကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ ကုန်သွယ်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော မေဆွိနှင့်တေးဂီတအဖွဲ့ The Aces၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးငယ်လေးများ မအိမ့်သက်မှူးခင်နှင့် မစုအေပရယ်အောင်၊ မင်္ဂလာပန်းမိုးများ ရွာသွန်းပေးပါသော မသစ်ဖူးဝေ၊ မင်္ဂလာအောင်စံပယ်ပန်း ကိုင်ဆောင်ပေးပါသော မရွှေသဥ္ဇာအောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မသက်ထားခင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်ကိုကိုဟန်၊ မောင်ဒွေးမင်းယံနှင့် မောင်ဖြိုးဝေဝင်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မနေရည်လွင်၊ မဝင်းစန္ဒီသော်နှင့် ဒေါက်တာခင်ကျော့ဆွေ၊ မိတ်ကပ်ဆံပင် မေဦးနှင့်အဖွဲ့၊ သြလေးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော မိုးကုတိပေါက်ပေါက်၊ မင်းသက်စံ(Sweet&Smart)၊ ငြိမ်းကို(Chic&Chic)နှင့် Pandora တို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးရန်အောင်နှင့် ဇနီးဒေါ်ရင်ရွှေ(NEW STAR Gems & Jewellery)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Diorနှင့်အဖွဲ့၊7Picture နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသောပန်းမေလင်းနှင့် အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ ၂၇-၄-၂၀၁၅ရက်(တနင်္လာနေ့)တွင် Kandawgyi Palace Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ Presenter မတင်မိုးလွင် ၊ ဗီဒီယိုရိုက်ကူးရေးနှင့် ဖျော်ဖြေရေးအစီအစဉ်အတွက် မေတ္တာ ဖြင့်လက်ဖွဲ့ပေးပါသော ဦးချန်ဟိန်းနှင့်ဇနီး၊ ဒေါ်မြင့်မြင့်သီ(ရတနာမြိုင်တေးထုတ်လုပ်ရေး)၊ မင်္ဂလာလက်ဖွဲ့တေး သီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် သိန်းတန် (မြန်မာပြည်)အားလည်းကောင်း၊ မမျိုး(Wedding Planner) အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့်ညစာစားပွဲ အကျွေးအမွေးအစီအစဉ် ဆောင်ရွက်ပေးပါသော NovotelYangon Max Hotel နှင့် Kandawgyi Palace Hotel မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မင်္ဂလာကိစ္စများအား အဘက်ဘက်မှ အစစအရာရာပြည်စုံအောင် ကူညီဆောင်ရွက်ပေးခဲ့ပါသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရအထူးပင်တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းထက်ထွန်း-မယမင်းဖြိုး

တေဇ(၄)ကျောင်းဆင်းအရာရှိ
(၃၈)နှစ်မြောက် စိတ်ကြားလွှာ

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)၊ တေဇတပ်ခွဲ ကျောင်းဆင်းအရာရှိ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့၊ တွေ့ဆုံပွဲနှင့် ညစာစားပွဲ၊ ဘိုးဘွားရိပ်သာ အဘိုးအဘွားများအား ကျွေးမွေးဒါနပြုပွဲနှင့် ရေစက်ချအမျှဝေပွဲများကို ပြုလုပ်မည် ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများနှင့် ဇနီးများ၊ ကျဆုံးကွယ်လွန်သူများ၏ဇနီးများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါ သည်။

၁။ ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ တွေ့ဆုံပွဲ (နှင်းဆီကုန်းဘိုးဘွားရိပ်သာ)
၂။ ၁၇-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ည ၆း၃၀နာရီ ညစာစားပွဲ [ရှမ်းကန်-ကန်တော်မင် (ရွှေဘဲ)စားသောက်ဆိုင်]
၃။၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့) နံနက်၉း၃၀နာရီ ဘိုးဘွားဒါနပြုပွဲနှင့် ရေစက်ချအမျှဝေပွဲ (နှင်းဆီကုန်းဘိုးဘွားရိပ်သာ)

ဆက်သွယ်လျှာက်ဒါန်းနိုင်ရန်
၁။ ဦးချစ်သန်းဝင်း၊ ဖုန်း- ၀၉-၅၁၁၃၃၆၆ ၂။ ဦးထွန်းဝင်း၊ ဖုန်း-၀၉-၄၉၅၇၆၄၉၁

နှစ်ပတ်လည်နေ့ကျင်းပရေးကော်မတီ

အမည်ပြောင်း အမှတ်(၁၈) E2၊ အာကာလမ်း၊ သီရိကန်သာအဆင့်မြင့်အိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်နေ အဖ ဦးစောပိုင်းလော၏သမီးဖြစ်သူ မနော်ဒိုးနားအား မနော်အိဖြူထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မနော်အိဖြူထက်

အခန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ... ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့မဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသ ခံစားမှုထ ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည့်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ထင်းနောက် စာဖတ် ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည့် ဖြစ်ပါသည်။ (စာထည်း)

ယမန့်နေ့မှအဆက်

ကျွန်တော်သည် ဈေးလေးထိပ်၊ ခက်ရထားတွေ့ ဟောင်းနေရာ၌ မြင်းလှည်းပေါ်မှ ဆင်း၍ ခြေလျင် လျှောက်လာသည်။ ဈေးအရှေ့ဘက် လမ်းဘေးရှိ ဖုံးခိုတျင်းတို့၌ စိတ်မချမ်းသာဖွယ် ရှုခင်းကို တွေ့ရသည်။

တုလား၊ မြန်မာ ဆင်းရဲသားအများတို့ ဈေးစည်ရှိန်၌ ဂျပန်တဖမ်း၊ ချွေးတပ်ဆွဲ၍ ဖုံးတျင်းများတွင် လှောင်ထားသည်။ ဖုံးတျင်းဝတို့၌ ပုရွတ်ဆိတ်များပမာ ခေါင်းပြူ၍ ထိုးထွက်နေသော သဏ္ဍာန်များတို့မြင်ရ၏။ သို့ရာတွင် သူတို့ မည်သို့မျှ မပြေးနိုင်။ ခါးလွယ်ဖြင့် ဗိုလ်တစ်ဦး အုပ်ချုပ်နေသော လုံစွပ်တိုင် ဂျပန်တပ်သားများတ ဝိုင်းရံစောင့်နေ၏။ စိတ်မချမ်းသာစွာဖြင့် ကျွန်တော်သည် ကြတ်တန်းအတွင်းသို့ ဝင်ခဲ့သည်။ တွမ်းရာဆေးကြီးနံ့၊ ဆေးရိုးနံ့၊ ရှမ်းဖက်နံ့များသည် ငံပြာရည်နံ့၊ ပဇွန်၊ ငါးခြောက်နံ့၊ ကြတ်သွန်ဖြူ ကြတ်သွန်နီနံ့၊ အမှိုက်ပုံ မြောင်းပုပ်နံ့များနှင့် ရော၍ ကျွန်တော့်နှာခေါင်းတို အားမနာတမ်း တိုးဆောင့်နှက်ဆက်ကြသည်။

ကျွန်တော်သည် " အမျိုးသမီးပွဲရုံ "ဟု ဆိုင်းဘုတ်တင်ထားသော ပွဲရုံတစ်ရုံရှေ့၌ ရပ်လိုက်သည်။ မွဲပြာသော အသား၊ ရှည်လျားသောအရပ်နှင့် လူကြီးတစ်ဦးတ ကျွန်တော်တို့ ဆီးကြိုနှုတ်ဆက်သည်။

" ဘာအလိုရှိပါသလဲ ဗိုလ်လေး . . .။ အထဲကို ကြွပါ . . ."

ကျွန်တော်သည် ထိုလူကြီးတို့ ကြည့်၍ တျေနပ်စွာ ပြန်ပြောသည်။

" အလိုရှိတာတတော့ ခင်ဗျားတို့ပဲဗျ . . ."

"ခင်ဗျာ . . ."

လူကြီး ထိတ်လန့်သွားမှ ကျွန်တော်က သူ့ပုခုံးကို ပုတ်ကာ ရယ်မောလျက် ဆိုရသည်။

" ဟား . . . ဟား . . . ဦးလေး ဦးထွန်းမောင်ကြီးတ လည်း မျက်လုံးမွဲနေပြီလား၊ မောင်လေ . . . မမှတ်မိဘူးလား . . ."

ဦးထွန်းမောင်ကြီး မျက်လုံးပြူးသွားသည်။ ပါးစပ်ကြီး ပြဲနေပြီးမှ ဝမ်းသာအားရဆိုသည်။

" မောင် . . . အောင်မလေး . . . မောင်။ မောင်တ စစ်ဗိုလ်တောင် ဖြစ်လာပြီ။ ဟယ် ကြိုင်ရေ . . . ဟောဒီမှာ၊ မောင် . . .၊ မောင် . . . လာပြီ . . ."

ပွဲရုံအတွင်း စားပွဲတစ်လုံး၌ ကြိုင်သည် ထိုင်ရင်း တန်သည်နှင့်တူသူ လူကြီးနှစ်ဦးနှင့် စကားပြောနေသည်။ ဦးထွန်းမောင်ကြီး၏ အော်ခေါ်သံ ကြားသောအခါ ရုတ်တရက် ထိုင်ရာမှ ထသည်။

ကျွန်တော်က ဦးထွန်းမောင်ကြီးနှင့်အတူ ကြိုင့်စားပွဲဆီသို့ လျှောက်သွားသည်။

" မောင် . . .။ အို . . . ဟုတ်ပါရဲ့ မောင် . . .၊ ကြည့်စမ်း . . . စစ်ဗိုလ်ကြီးတောင် ဖြစ်လာပါပတော "

ကျွန်တော်သည် ကြိုင်စားပွဲဘေးရှိ တုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ကြိုင်တ ရှေ့မှ လူကြီးနှစ်ဦးအား လှမ်းပြောသည်။

" ကဲ . . . ဟောဒီမှာ ကျွန်မ မောင်တစ်ယောတ်ရောတ်လာလို့ ခွင့်ပြုကြပါဦး။ ဈေးတတော့ ကျွန်မ စကားတုန် ပြောပြီးပြီပဲ . . .။ တျန်တဲ့ပွဲရုံတွေ လိုတ်ပြီး စုံစမ်းကြည့်စေလိုပါတယ်။ တျေနပ်ရင် အချိန်မရွေး ပြန်လာပါ။ ဦးမင်းတို့ စိတ်တိုင်းတျအောင် ကျွန်မတို့ ဆောင်ရွတ်ပေးပါမယ် " လူကြီးနှစ်ဦး ထပြန်သွားကြသည်။

ကြိုင်သည် သတ်ပြင်းလေး မသိမသာရှိုတ်ပြီး ပြုံးချိုစွာဖြင့် တျန်တော့်တို့ လှမ်းကြည့်သည်။

တျန်တော်တလည်း ပြန်ပြုံး၍ ကြိုင့်တို့ လေ့လာမိသည်။ ကြိုင်၏ မျတ်နှာသွယ်သွယ်မှာ ပိုမို ပြည့်ဖြိုးလာခဲ့သော်လည်း ရင့်ရော်မှု မတွေ့။ ခန့်တည်သော ကုန္နေလွှမ်းထားသဖြင့် ဖြူစင်ကြည်လင်သော မျတ်နှာမှာ သီရိပြည့်ရွှန်းတင့်နေ၏။ခါးသေးရင်ချီဟု မဆိုတော့နိုင်လည်း ပျောင်းအိဝင်းမှည်သော အသား အရေ တင်နေတိုယ်တျ သည်ပြေပြစ်တင့်တယ်သည်။ တစ်ကြမ်တ ဆတ်ဆတ်ထိမခံသော မာနခံအသွင်တို့ပျောက်၍ အေးချမ်းနူးညံ့သော ဟန်အမူအယာသည် တျန်တော့်တို့ အံ့အားသင့်စေသည်။

ကျွန်တော်တ ဤအတွေးဖြင့် စူးစိုက်ကြည့်နေသော ကြောင့် ကြိုင်က ပြောသည်။

"ဟေး . . . ဘာစိုတ်ကြည့်နေတာလဲ . . .။ စကားပြောဦးလေး"

ထိုအခါမှ သတိရကာ တျန်တော်တ အမှန်အတိုင်း ဝန်ခံရ၏။

" သြော် . . . ဟုတ်ပါရဲ့။ မမကြိုင်တ ကြီးမှ ပိုထူလာလို့ မောင်တ အံ့သြပြီး ကြည့်နေတာ . . ."

ကြိုင်သည် လိုက်လဲစွာ ရယ်သည်။ သို့ရာတွင် ပါးများ၌ ရှက်သွေး မသိမသာ လျှမ်းနေ၏။

" မောင်တသာ မမကြိုင်တို့ လှတယ်ပြောနေ . . .။ ခုထိ မမကြိုင် အပျိုကြီးပဲ ရှိသေးတယ် "

ကြိုင်သည် အရှုတ်ပြေ ပြော၏။

" အပျိုကြီးဖြစ်နေတာတတော့ . . . မမကြိုင် ချစ်သူ မတွေ့သေးလို့သာ ဖြစ်ပါလိမ့်မယ် . . ."

ကြိုင်၏ အပြုံးသည် မသိမသာ ပျက်သွားသည်။ ချက်ချင်းပင် ကုန္နေဆည်၍ ပြန်ပြော၏။

" ချစ်သူဆိုတာတ တွေ့ချင်တိုင်းတွေ့နိုင်မှာမှ မဟုတ်ဘဲ မောင်ရဲ့။ ဒါထက် မောင်တော ချစ်သူတွေ ဘာတွေ တွေ့နေပြီလား "

" ဟာ . . . မမကြိုင်ကလဲ . . ."

ကြိုင်တ ရယ်နေ၏။ ထိုစဉ် ပွဲရုံဝမှ ဆူညံဆူညံ အသံများ ကြားရသည်။ ကြိုင်တ " ဟော . . . မြိုင် ပြန်လာပြီ "ဟု ဆို၏။

ဆူညံဆူညံ ရောက်လာသူများမှာ ဂေါ်ရင်ဂျီတုလားများဖြစ်သည်။ သူတို့နောက်ပါးမှ မြိုင်ပါလာ၏။

" ဆာမိ . . .၊ မင်းတို့ မမ မပြောဘူးလား။ လက်မှတ်ကို အမြဲဆောင်ထားပါလို့၊ အပ္ပနားနဲ့ မူတူးတို့တတော လက်မှတ်တွေ ဘယ်ထားခဲ့လဲ့ . . ."

ဆာမိ၊ အပ္ပနား၊ မူတူး စသည်တို့တ တုလားစကားဖြင့် တစ်ယောက်တစ်ပေါက် ဖြေကြသည်။ မြိုင်တ တစ်ချတ် ဟောက်လိုက်ပြီး တုလားလို ဘာတွေပြောနေသည် မသိ။ အားလုံးငြိမ်သွားသည်။ မြိုင်တသာ ဆက်ဆနေသည်။ တုလားများသည် သေဝပ်စွာဖြင့် ကြက်သွန်နီပုံးကြီးတစ်ခုနားတွင် သွားထိုင်ကြ၏။ မျက်နှာမှ ချွေးတိုတို လံတွက်တိဖြင့် သုတ်ကြပြီး ရေငတ်ပြေလားမသိ၊ ကြတ်သွန်နီ တစ်ဥစီ ဝါးစားနေကြ၏။

ကြိုင်က မျက်စိမှိတ်ပြသဖြင့် ကျွန်တော်တ မျတ်နှာတို့ တစ်ဖက်သို့ မသိမသာ စောင်း၍နေလိုက်၏။

ခြေသံကြားရသည်။ ထို့နောက် ဝမ်းသာအားရခေါ်သံ ပေါ်လာသည်။

" ကိုကို . . . ကြည့်စမ်း ဘယ်တုန်းက . . ."

မြိုင်၏ အသံသည် တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ ထိုအခါမှ ကျွန်တော်က မြိုင့်ဘတ်လှည့်လိုတ်သည်။

မြိုင်သည် မျက်လုံးလေးပြူး၊ ပါးစပ်လေးဟ၍ ကျွန်တော့်ကို စိုတ်ကြည့်တာ စကားမဆိုနိုင်ရှာ . . .။

တျန်တော်တ ဦးထုပ်ချွတ်ပြီး ပြန်ပြောရ၏။

" ကိုကို မဟုတ်ပါဘူး မမြိုင် . . . မောင်ပါ . . ."

ထိုအခါမှ မြိုင်သည် အံ့သြခြင်း၊ ဝမ်းသာခြင်းရောလျတ် ကျွန်တော့်ပုခုံးတို ပွေ့ဖက်သည်။

" အမလေး . . . မောင် ထွားလာလိုက်တာ . . .။ မမြိုင်က ကိုကိုလားလို့ . . ."

" မောင် ဒီလောတ်တောင်ပဲ ထွားလာသလား . . .။ ဒါပေမယ့် မောင်တ ဗိုလ်လေးပါ။ ကိုကိုက ဗိုလ်မှူးကြီး။ ယူနီဖောင်းချင်း မတူပါဘူး မမြိုင် . . ."

" အင်းလေ . . . မောင်တို့တော့ ခွဲခြားနိုင်မှာပေါ့၊ မမြိုင်တို့ မျက်စိထဲမှာတော့ အတူတူလိုချည်းပဲ . . ."

မြိုင်တ ရိုးသားစွာ ပြောသော်လည်း ကြိုင်တ ဝင်မှတ်ချတ်ချသည်။

" မောင် စိတ်ပညာမှ မသိဘဲ . . . မျတ်လုံးဆိုတာ မြင်ချင်သူတိုသာ မြင်တတ်တာ . . ."

မြိုင်တ ကြိုင့်မှတ်ချတ်တို ရယ်မောလတ်ခံပြီး ကျွန်တော့်တို မေးသည်။

"ဒါထက် . . . မောင် ဘယ်တလာတာလဲ "

"မောင် . . . ကျောင်းဆင်းခဲ့ပြီလေ . . . ခွင့်ခဏရလို့ . . . မမြိုင်တို့ဆီ လာတာ "

" မမြိုင်တို့ ဒီမှာရှိတယ်လို့ မောင့်ကို ဘယ်သူပြောသလဲ . . ."

"တိုတိုဆီတ စာရလို့ . . ."

"တိုတိုဆီတ စာရတယ် . . ."

"တစ်စောင်တည်း ရပါတယ် . . . မမမြိုင်၊ မမမြိုင်ကော မရဘူးလား "

မြိုင်၏ မျတ်နှာလေးမှာ အပြုံးမပျတ်၊ ဖြေဟန်လေးမှာမူ ညည်းညည်းညူညူနိုင်သည်။

"မရတာ . . . ကြာပါပြီတွယ် . . ."

မြိုင် စိတ်မတောင်းဖြစ်သွားမှန်း သိသဖြင့် ကျွန်တော်က စတားလွှဲလွှဲ မေးရ၏။

"ဒါထက် . . . စောစောက ဟိုတုလားတွေ ဘာဖြစ်တာလဲ . . ."

မြိုင်သည် သက်ပြင်းလေးချပြီး သူ့ကုလားများ ဘက်လှည့်၍ မသိမသာ မျတ်စောင်းထိုးသည်။

" မပြောပါနဲ့ မောင်ရာ . . . သိပ်ပေါ့တဲ့တောင်တွေ၊ ပွဲရုံတွေမှာလုပ်တဲ့ တုလားတွေကို တုန်စည်တူးသန်းရေး မပျက်အောင်ဆိုပြီး ဆိုင်ရာတ လက်မှတ်ထုတ်ပေးထားတယ်။ လက်မှတ်မရှိထဲ့ တုလားဆိုရင်တော့ ချွေးတပ်ဆွဲတာပေါ့။ အဲဒါ တိုချောတို့တ မေ့လာကြလိုတဲ့လေ . . .။ အဆွဲခံရတာပေါ့ . . .။ ဂျပန်စစ်ဗိုလ်တို့ မနည်းရှင်းပြယူခဲ့ရတယ်။ ပေါ့ကြတာလေ . . . ဟေ့ . . . ဆာမိ၊ နောတ်တစ်ခါဆို မမ လိုတ်မရွေးဘူး သိလား "

ကြိုင့်စားပွဲနှင့် ထိပ်ချင်းတပ်လျတ် အခြားစားပွဲကြီးတစ်လုံးရှိသည်။ မြိုင်သည် ထိုစားပွဲတွင် ဝင်ထိုင်လိုတ်၏။

တျန်တော်တ သူတို့ညီအစ်မတို့ ကြည့်၍ ချီးမွမ်းအံ့သြမိသည်။ ရန်တုန်မြို့ကြီး၌ ယောတ်ျားများနှင့် ရင်ပေါင်တန်း စီးပွားရှာနိုင်သည်မှာ အံ့သြဖွယ်တည်း။ ဂျပန်စစ်ဗိုလ်နှင့် မကြောက်မရွံ့ စကားဆို ပြန်လာခဲ့သော မြိုင့်ကို ချီးမွမ်းမိသည်။

မြိုင်သည် ဦးထွန်းမောင်ကြီး လာပေးသော ဘောက်ချာစာအုပ်ကို လှန်လှောစစ်ဆေးရာမှ ကြိုင့်တို လှမ်းပြောသည်။

" မမကြိုင် . . . ဒီဘက်က တစ်ပို . . . ဈေးတစ်ဆယ် လျော့နေပါလား "

ကြိုင်တ တောင်းပန်ဟန်ပြုံး၍ လေသံပျော့ပျော့ဖြင့် ဆို၏။

" ကွယ် လည်းတန်းတ ဒေါ်ခင်မေ့ ဆေးလိပ်ခုံမှိုပါ။ နှစ်ပိုတည်း ယူတာပါ . . . လူချင်းခင်လို့ . . ."

"အင်း . . . လုပ်လုပ် . . . သိလား၊ ဗားတရာလမ်းတ မြန်မာ့စီးပွားရေး မြှင့်တင်ရေး ပွဲရုံက မြိုင်တို့ဈေးထတ် ငါးကျပ်ပိုယူတယ်။ မြိုင်တို့နဲ့ ဈေးတူယူတဲ့ . . . ဦးလေးဦးဘသန်းဆီမှာလည်း ဖတ်တုန်နေပြီ . . ."

ကြိုင်သည် မြိုင့်တို ဘာမျှ ပြန်မဖြေဘဲ တျန်တော့်ဘတ်သို့ တစ်ချက်လှည့်ပြုံးသည်။ **ဆက်လက်ဖော်ပြပါမည်။**

(၀၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

ကျေးရွာများရှိ လေဘေးသင့်အိမ်ထောင်စုများအား ပစ္စည်းနှင့် အလှူငွေများ ထောက်ပံ့

နတ်မောက် မေ ၆

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခေါင်မိုးများ ပျက်စီးခဲ့သော နတ်မောက်မြို့နယ် ပင်းငွေးချိုအုပ်စု ပင်းမြို့ကျေးရွာ စရံအိုင့်ကျေးရွာ၊ လက်ခုပ်ပင်ကျေးရွာနှင့် သင်ပန်းတောကျေးရွာများရှိ အိမ်ထောင်စုများသို့ ပစ္စည်းနှင့်အလှူငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို မေ ၁ ရက် မွန်းလွဲ ၂ နာရီက ပင်းမြို့ရွာဦးဘုန်းတော်ကြီးကျောင်းမှော်ရုံတွင် ကျင်းပခဲ့သည်။

နတ်မောက်မြို့နယ် ပင်းငွေးချိုအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စု ၅၉ စုအတွက် ပစ္စည်းနှင့်အလှူငွေများ ထောက်ပံ့ပေးသည့်အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမင်းသန့်က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ပင်းငွေးချိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား လေဘေးသင့်ပြည်သူများကိုယ်စား ပစ္စည်းနှင့်အလှူငွေများ လက်ခံရယူခဲ့ပြီး အိမ်ထောင်စုများအတွက် လှူဒါန်းထောက်ပံ့ခဲ့သော အလှူငွေမှာ စုစုပေါင်းငွေကျပ် ၂၉၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

လှဝင်း

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်

မလှိုင် မေ ၆

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မလှိုင်မြို့ မြို့မရဲစခန်းဝင်း အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလိှုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ မလှိုင်မြို့နယ်အတွင်းရှိ ဆည်တို၊ နွှားကန်၊ မြို့မရဲစခန်းများမှ အရာရှိနှင့်အခြားအဆင့် (၄၀) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလကို ငါးရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို မလှိုင်မြို့နယ်အတွင်းရှိ မဲဆန္ဒနယ်မြေအသီးသီး၌ ကျင်းပနေစဉ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သိသင့်သိထိုက်သော ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာတဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ကွန်ကရစ်တိုင်များ အစားထိုးမြှင့်တင်

ကသာ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လျှပ်စစ်မှူးရုံးဦးစီးမှူး ဦးခင်မောင်တိုးနှင့် ဝန်ထမ်းများက မြို့တွင်းရှိ (၄၀၀)ဗို့ ဆွေးမြည့်သစ်သားတိုင်နှင့် သစ်သားလက်တန်းတိုင်းများကို ကွန်ကရစ်တိုင်နှင့် သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်း၊ စံချိန်မမီသော ကြိုးများကို ABC-Kable Wire 50mm ကြိုးများ လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ကြရာ ဧပြီ ၃၀ရက်ထိ ကွန်ကရစ်တိုင်ပေါင်း ၁၀၀ လုံးနှင့် ABC- Kable Wire မီတာ ၄၅၀၀ ထိ လဲလှယ်ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။

ရဲကို(ကသာ)

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီး

မြန်အောင် မေ ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေဦးဆောင်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်ပညာရေးမှူးတို့က ဧပြီ ၃၀ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် မြန်အောင်မြို့နယ် အ. ထ. က ကနောင်နှင့် အ. ထ. က (ခွဲ) ငါးပိဆိပ်တွင် စာသင်ခုံများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ငါးပိဆိပ်ကျေးရွာနှင့် လေးတူးအုပ်စု ချောင်းရိုးအုတ်ပုံကျေးရွာ ဆက်သွယ်သောလမ်းအား အဆင့်မြှင့်တင်၍ ကျောက်ရောမြေနီခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ သပြေကုန်းအုပ်စု၊ ရွှေကျင်အုပ်စု၊ ကျူတောအုပ်စု၊ အစယ်အုပ်စု၊ ဒေါင်းကျအုပ်စုနှင့် သခွပ်ကွင်းကျေးရွာအုပ်စုများတွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

မြန်အောင်မြို့နယ်(ပြန်/ဆက်)

အိမ်ရောင်းမည်
ပေ(၁၀×၆၀)ဂရန်ပါ၊ ၁ထပ်ခွဲပျဉ်ထောင်၊ သွပ်မိုး၊
ရေမီးစုံ၊ လမ်းသန့်၊ တောင်ဥက္ကလာ၊ ဆက်သွယ်ရန်။
ဖုန်း-၀၉-၂၅၄၁၁၄၆၅၄

ပြင်ဆင်ဖတ်ရှုပါရန်
၇-၄-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၈)၌ ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန် ခေါင်းစဉ်ဖြင့် ကြော်ငြာ၌ ၉-၃-၂၀၀၄ရက်တွင် ငွေကျပ်(၂၅၀၀ဝိ/-)ကျပ်ဆိုသောနေရာ၌ (၉-၃-၂၀၀၃)ရက်တွင်ငွေကျပ်(၂၅၀၀ဝိ/-)ကျပ်ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြော်ငြာအပ်ပါသည်။
ဦးအေးသိန်း(TGKN-၀၅၅၀၅၁)
အမှတ်-၆၈၊ ၇၀၊ (၉၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ဦးအောင်ဝင်း
(ရှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
June - 20 (Sat) စမည်။ Aircon စာသင်ခန်း
LCCI အနှစ်(၂၀)အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယ၊ ပန်းဆိုးတန်းလမ်း၊ (အထက်ဘလောက်)။
01-371741, 240824, 381350

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၁၀)

သမဝါယမအသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (Microfinance)၊ အရစ်ကျငွေချေစနစ် (Hire Purchase) လုပ်ငန်းများတွင် စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုတို့ကို ကြိုတင်ကာကွယ်ခြင်း Risk Management ဆောင်ရွက်မှု

သမဝါယမဝန်ကြီးဌာနသည် ပြည်သူများလိုအပ်နေသော အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဧပြီလအထိ အသင်းသားပြည်သူ (၂) သန်းကျော်ထံသို့ တရုတ်နိုင်ငံ China EXIM Bank ချေးငွေ ဒေါ်လာသန်း (၁၀၀) အပါအဝင် သမဝါယမ၏အရင်းအနှီးများဖြင့် ချေးငွေ (၂၂၃) ဘီလီယံကျော် ထုတ်ချေးထားပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ မေလတွင် မိုးရာသီစိုက်ပျိုးစရိတ်အမီ တရုတ်နိုင်ငံ China EXIM Bank ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း (၃၀၀) ထပ်မံရယူ၍ ယခင်ချေးငွေ ရယူခံစားပြီးသော အသင်းသားပြည်သူများအား ကျပ် (၁) သိန်းမှ (၅) သိန်းထိ တိုးမြှင့်ထုတ်ချေးခြင်း၊ ချေးငွေမခံစားရသေးသော အသင်းသားပြည်သူများကို ချေးငွေ ကျပ် (၁) သိန်းနှုန်း ထုတ်ချေးခြင်းတို့အပြင် အသင်းသားပြည်သူများ လိုအပ်နေသော လယ်ယာ၊ လုပ်ငန်းသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ကြိုက်ရောင်းကြိုက်ဝယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လက်ရှိ အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ကိုရီးယား Daedong လယ်ယာသုံးစက်ဝစ္စည်း (၁၀၀၆) စီး၊ တန်ဖိုးကျပ် (၂၄.၉) ဘီလီယံအပါအဝင် စုစုပေါင်း လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ (၁၇၅၆၃) စီး၊ တန်ဖိုးကျပ် (၃၇.၉၃) ဘီလီယံ ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ သို့ဖြစ်ရာ သမဝါယမဝန်ကြီးဌာန၏ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း Microfinance နှင့် အရစ်ကျငွေချေစနစ် (Hire Purchase) လုပ်ငန်းတို့၏ ကျေးလက်နေပြည်သူများသို့ လွှမ်းခြုံနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-







တာဝန်ယူ၊ တာဝန်ခံ ကြပ်မတ်ဆောင်ရွက်မှု

အထက်ပါလုပ်ငန်းများတွင် ဆုံးရှုံးမှုမရှိစေရန်အတွက် အောက်ပါအတိုင်း အဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည် -

(၁) သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဗဟိုသမဝါယမအသင်းနှင့် အသင်းအဆင့်ဆင့်တို့က သုံးပွင့်ဆိုင် တာဝန်ခံ၊ တာဝန်ယူကြပ်မတ်ဆောင်ရွက်ခြင်း၊

(၂) အသင်းသားတစ်ဦးချင်းတာဝန်ယူမှု၊ ဝိုင်းကြီးချုပ်အဖွဲ့နှင့် သဝေါယမအသင်းအသီးသီး၏ တာဝန်ယူမှုတို့ဖြင့်ဆောင်ရွက်ခြင်း၊

(၃) သမဝါယမဝန်ထမ်းများနှင့် သမဝါယမအသင်းအသီးသီး၏ အမှုဆောင်များက သမဂ္ဂစည်းကမ်းနှင့်အညီကြပ်မတ်ကွပ်ကဲတာဝန်ထမ်းဆောင်ခြင်း၊

(၄) ဒေသတာဝန်ခံများ၊ အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ NGO များ၏ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို စီမံထားရှိပြီးဖြစ်သည်။ ထို့ပြင် လိုအပ်သည့် အဖွဲ့များဖွဲ့စည်းတာပန်သတ်တော်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဆုံးရှုံးမှုကာကွယ်ရေးအတွက် အခြေခံတာဝန်ခံ၊ တာဝန်ယူ ဆောင်ရွက်မှု

- အသင်းသားတစ်ဦးချင်း မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊
- အဖွဲ့က အဖွဲ့ဝင်များကို ထိန်းသိမ်းခြင်း၊
- သမဝါယမအသင်းက အသင်းသားများအား ထိန်းသိမ်းခြင်း၊

ရင်းကို Tripartite Control System ဟု သတ်မှတ်ထားပါသည်။

ဆုံးရှုံးမှုကာကွယ်ရေးအတွက် အဆင့်ဆင့် တာဝန်ခံ၊ တာဝန်ယူမှုဆောင်ရွက်မှု

- အသင်းသားတစ်ဦးချင်းက တာဝန်ယူခြင်း၊
- ဝိုင်းကြီးချုပ်နှင့် တာဝန်ယူထိန်းကျောင်းခြင်း၊
- သက်ဆိုင်ရာအခြေခံသမဝါယမအသင်းများက တာဝန်ယူထိန်းကျောင်းခြင်း၊
- သမဝါယမအသင်းအဆင့်ဆင့်ကပါ တာဝန်ယူထိန်းကျောင်းခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကပါ တာဝန်ယူထိန်းကျောင်းခြင်း၊
- သမဝါယမဝန်ကြီးဌာနက တာဝန်ယူထိန်းကျောင်းခြင်း။

ဝိုင်းကြီးချုပ်အဖွဲ့၏တာဝန်

- ချေးယူငွေများကို အလွဲသုံးစားမပြုအောင်အဖွဲ့ဝင် အချင်းချင်းထိန်းရန်၊
- ချေးယူငွေများကို မိမိလုပ်ငန်းတွင် တကယ်ထိရောက်စွာ အသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်းထိန်းရန်၊
- သတ်မှတ်ကာလအတွင်း အတိုးအရင်းကိုပြေကျေစွာ ပေးဆပ်ရန်နှင့် တစ်ဦးမဆပ်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရန်။

အခြေခံသမဝါယမအသင်းအမှုဆောင်အဖွဲ့၏တာဝန်

- ငွေထုတ်ချေးယူရာတွင် အသင်းသားသို့သာ ထုတ်ချေးရမည်၊
- ချေးယူသည်ငွေကိုလုပ်ငန်းတွင် သုံးစွဲခြင်းရှိ/မရှိ ကြီးကြပ်ရမည်၊
- အသင်းတွင်ထားရှိရမည့် သတ်မှတ်ထားသော စာရင်းဇယား (၈) မျိုးကို ပြည့်စုံစွာ ထားရှိရမည်၊
- ချေးငွေပြန်လည်ပေးဆပ်ရေးအတွက် သတ်မှတ်ကာလမပြည့်မီ နှိုးဆော်ရမည်၊
- ကောက်ခံရရှိသော ချေးငွေများကို ဘဏ်တွင်အပ်နှံရမည်၊ (ဘဏ်မရှိပါက လုံခြုံစွာ ထိန်းသိမ်းထားရမည်)
- ကျေးလက်သမဝါယမအသင်းများအနေဖြင့် သမဝါယမလုပ်ထုံးလုပ်နည်းများ၊ စာရင်းဇယားပြုစုထိန်းသိမ်းနည်းများကို တတ်ကျွမ်းနားလည်မှု အားနည်းသပြင့် ကျွမ်းကျင်သည်အထိ လေ့ကျင့်ပညာပေးသွားရမည်။

စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုများကို သုတေသနပြုဖော်ထုတ်နိုင်ရန်နှင့် Risk Management စနစ် ရေးဆွဲအကြံပြုရန် အစွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း

အောက်ပါအဖွဲ့က ကျယ်ပြန့်စွာ လေ့လာသုတေသနပြု၍ Risk Management စနစ်ကို ၂၀၁၅ ခုနှစ်၊ မေလကုန် တွင်တင်ပြရမည်ဖြစ်ပါသည် -

■ ဒေါက်တာသိန်းထွန်း၊ ဝါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်(သန်လျင်)	အဖွဲ့ခေါင်းဆောင်
■ ဒေါက်တာရီရီဝင်း၊ ပါမောက္ခချုပ်၊ သဝေါယမတက္ကသိုလ် (စစ်ကိုင်း)	ဒုတိယအဖွဲ့ခေါင်းဆောင်
■ သမဝါယမတက္ကသိုလ်များမှ ပါမောက္ခ၊ တွဲဘက်ပါမောက္ခများ	အဖွဲ့ဝင်
■ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
■ ဗဟိုသမဝါယမအသင်းမှ ကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
■ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒုတိယညွှန်ကြားရေးမှူးများ	အဖွဲ့ဝင်
■ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်းစချုပ်ဥက္ကဋ္ဌများ	အဖွဲ့ဝင်

Risk Management Team ၏လုပ်ငန်းတာဝန်များ

- လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအပေါ် Research ပြုလုပ်ခြင်း၊
- လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့် ဝိုင်းကြီးချုပ်စနစ်၊ တစ်ဦးချင်းလိုက်နာရမည့် စည်းကမ်း၊ အသင်း/အသင်းသား တာဝန်၊ သမဂ္ဂစည်းကမ်း Tripartite Control System တို့နှင့် ချမှတ်ထားသော မူဝါဒများအား လိုက်နာမှုရှိ/မရှိ အခြေအနေနှင့် အထွေထွေ Feedback များကို လေ့လာသုံးသပ်ခြင်း၊
- လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို Evaluation လုပ်ခြင်း၊
- အာမခံစနစ် (Insurance) ပါ ဝင်တွဲဆောင်ရွက်နိုင်ရေးအတွက် လေ့လာခြင်း၊
- ဤသို့ကျယ်ပြန့်စွာ လေ့လာသုံးသပ်ရရှိချက်များအပေါ် အခြေခံ၍ အထက်ပါ သမဝါယမလုပ်ငန်းများအားလုံးအတွက် ကျင့်သုံးရမည့် Risk Management စနစ်များ ပြုစုတင်ပြခြင်း၊

သမဝါယမရေးရာ

စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုများ (Risks) ကိုကာကွယ်နိုင်အောင် စီမံထားမှုနှင့် ရရှိသည့်အတိုးကို ခွဲဝေလျာထားမှု

၂၀၁၅ ခုနှစ်၊ မေလမှစ၍ သမဝါယမဝန်ကြီးဌာန အသေးစားအရင်းအနှီးချေးငွေကို ကျပ် ၁၀၀ လျှင် တစ်လ အတိုးနှုန်း (၁၆/၁၅၊)ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ရရှိသည့်အတိုးငွေများ သုံးစွဲခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ စာရင်းဇယားများ ထားရှိစစ်ဆေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်သည် -

ချေးငွေကျပ်(၁၀၀)တွင် ရရှိသည့်တစ်လအတိုး (၁၆/၁၅၊) ကို ခွဲဝေလျာထားမှု

စဉ်	အကြောင်းအရာ	တစ်လအတိုးနှုန်း (ပြား)	တစ်နှစ်အတိုးရာခိုင်နှုန်း
၁။	China EXIM Bank သို့ပေးရမည့် အတိုး+ Management Fee	၃၇. ၉၂ (ပြား)	၄. ၅၅ %
၂။	ဗဟိုသမဝါယမအသင်း	၂၃. ၅၀ (ပြား)	၂. ၈၂ %
၃။	အသင်းစုချုပ်များ	၅. ၂၅ (ပြား)	၀. ၆၃ %
၄။	အသင်းစုများ	၂၄. ၁၇ (ပြား)	၂. ၉၀ %
၅။	အခြေခံအသင်းများ	၂၄. ၁၇ (ပြား)	၂. ၉၀ %
	စုစုပေါင်း	၁၁၅. ၀၀ (ပြား)	၁၃. ၈ % (တစ်နှစ်)

မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများအတွက် အသေးစားချေးငွေလုပ်ငန်းဆုံးရှုံးမှုကာကွယ်ရေး လျာထားငွေထားရှိရန် နည်းလမ်းများ

- သမဝါယမအသင်းများ၏ အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းတွင် အသင်းအဆင့်ဆင့် အလိုက်ရရှိမည့် အတိုးနှုန်းအပေါ် (ကျပ် ၁၀၀ လျှင် ၅ပြား/ ၁၀ပြား) ပြားဂဏန်းများ သတ်မှတ်၍ ခွဲဝေထားရှိခြင်း။
- သမဝါယမအသင်းများ၏ အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းတွင် အသင်းအဆင့်ဆင့်အလိုက် ရရှိမည့်အတိုးငွေမှ ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ ခွဲဝေထားရှိခြင်း။

ဗဟိုသမဝါယမအသင်း ရယူသည့်အတိုး (၂. ၈၂%) မှ ရန်ပုံငွေများအား အောက်ပါအတိုင်းခွဲဝေသုံးစွဲပါမည် -

(၁) သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ကျခံရန်၊
(၂) ငွေကြေးလဲလှယ်နှုန်း (Exchange Rate) အပြောင်းအလဲအတွက် ကျခံရန်၊
(၃) သင်တန်းများ၊ ပညာပေးရေးလုပ်ငန်းများ၊ သတင်းမီဒီယာများအတွက် သုံးစွဲရန်၊
(၄) ဝန်ထမ်းများနှင့် အထွေထွေအသုံးစရိတ်သုံးစွဲရန်တို့ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်များ ရယူသည့်အတိုး (၀. ၆၃%) မှ ရန်ပုံငွေများကို အောက်ပါအတိုင်း ခွဲဝေသုံးစွဲပါမည် -

(၁) သာမန် သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ကျခံရန်၊
(၂) သင်တန်းများ၊ ပညာပေးရေးလုပ်ငန်းများနှင့် သတင်းမီဒီယာလုပ်ငန်းများအတွက် သုံးစွဲရန်၊
(၃) ဝန်ထမ်းနှင့် အထွေထွေအသုံးစရိတ်များအတွက် သုံးစွဲရန်တို့ဖြစ်ပါသည်။

